# ကြေးမုံ The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**သူတော်ကောင်းတို့၏သတင်း ပျံ့နှံ့ကြိုင်လှိုင်**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြက်ရုံးပန်း စသော ပန်းတို့၏အနံ့သည် လေထက်လေညာသို့ မပျံ့မလှိုင်၊ သူတော်ကောင်းတို့၏ သီလတည်းဟူသော ဂုဏ်သတင်းအနံ့သည် လေညာသို့ပင် ပျံ့နှံ့ကြိုင်လှိုင်၏။ သူတော်ကောင်းတို့၏ သတင်းသည် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ကြိုင်လှိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်၊ တနင်္လာနေ့။ Monday, 11 November 2024 ၁၁၆၃၈


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရှန်းကျန့်မြို့ရှိ Hytera Communications Corporation Limited ၌ ကြည့်ရှုလေ့လာစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်းကျန့်မြို့သို့ ရောက်ရှိ၊ စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်လေ့လာ

နေပြည်တော် နိုဝင်ဘာ ၁၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ကျင်းပခဲ့သည့် အဋ္ဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး (8th Greater Mekong Subregion–GMS) အပါအဝင် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းတွင် ချုံချင့်မြို့ ကျန်းပေအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရှန်းကျန့်မြို့သို့ ထွက်ခွာရာ ချုံချင့်မြို့ ဒုတိယမြို့တော်ဝန် Mr. Shang Kui နှင့် အဖွဲ့ဝင်များ၊ ချုံချင့်မြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးကျော်ဇေယျာလင်းနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရှန်းကျန့်မြို့ ဘောင်အန်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ရှန်းကျန့်မြို့ ဒုတိယမြို့တော်ဝန် Mr. Dai Jin Tao၊ နန်နင်းမြို့မှ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ် ဒေါ်ခိုင်ဆုလင်းနှင့်တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုပန်းစည်းဖြင့် လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆


**ယနေ့ ဖတ်စရာ**


ပန်းကိုလို၍ အပင်ကိုပျိုးခဲ့သည် ပွင့်သောပန်းတို့ လန်းတော့မည် — ဆောင်းပါး စာမျက်နှာ » ၁၀

၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဆွေးနွေး — စာမျက်နှာ » ၁၃

ရန်ကုန်မြို့၌ပြုလုပ်မည့် ပညာရေးပြပွဲတွင် ထိုင်းနိုင်ငံရှိ နိုင်ငံတကာအဆင့်မီတက္ကသိုလ် ၂၈ ခု ပါဝင်ပြသမည် — စာမျက်နှာ » ၁၄

အားကစားအသိဉာဏ် PI မှတစ်ဆင့် ကာယဉာဏ ကျန်းမာဖွံ့ဖြိုးမှု အရပ်ရပ်ဆီ — ဆောင်းပါး စာမျက်နှာ » ၁၈


**လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်**

နေပြည်တော် နိုဝင်ဘာ ၁၀

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်း၌ နောက် ၃၆ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရပါသည်။

မိုး/ဇလ

ကြေးမုံ

# ဆွေးနွေးညှိနှိုင်းနည်းလမ်းဖြင့်အဖြေရှာ NCA လမ်းကြောင်းလိုက်ပါဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ရှေးနှစ်ပေါင်းများစွာကတည်းကပင် ကိုယ်ပိုင်စာပေယဉ်ကျေးမှုများဖြင့် တင့်တယ်စွာနေထိုင်ခဲ့သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်သည်။ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးသည် နေရင်းဒေသအသီးသီးတွင် ဥမကွဲသိုက်မပျက် စည်းလုံးညီညွတ်စွာ အတူယှဉ်တွဲ၍ စုပေါင်းနေထိုင်လာခဲ့ကြသည်။ ဤသည်ပင် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲလာမှုကို သက်သေပြလျက်ရှိသည်။

ဤသို့ နှစ်ပေါင်းထောင်ချီ စုစုစည်းစည်း နေထိုင်လာခဲ့ကြပြီး ၁၈၈၅ ခုနှစ်တွင် တစ်နိုင်ငံလုံး လွတ်လပ်ရေးဆုံးရှုံးခဲ့သည့်အခါ ပြည်ထောင်စုကြီး၏ ဒေသအသီးသီးတွင် နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများသည် ကိုလိုနီနယ်ချဲ့နှင့် ဖက်ဆစ်တို့ကို စည်းလုံးညီညွတ်မှုဖြင့် တွန်းလှန်တိုက်ထုတ်ပြီး ဆုံးရှုံးခဲ့သော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူခဲ့ကြသည်။ ဤသည်ပင် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ရှင်သန်ဖွံ့ဖြိုးလာခဲ့သော တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံချစ်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ သူ့ကျွန်မခံလိုသည့်စိတ်ဓာတ်များ ရှင်သန်ကိန်းအောင်းနေကြောင်း သက်သေသွန်းဆို ဖော်ပြလျက်ရှိသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းတွင် ကိုလိုနီနယ်ချဲ့တို့၏ နှစ်ပေါင်းတစ်ရာကျော် သွေးခွဲအုပ်ချုပ်ခဲ့သည့် ဆိုးမွေကြောင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း အထင်အမြင်လွဲမှားကာ တိုင်းရင်းသားဒေသများတွင် လက်နက်ကိုင်ပဋိပက္ခများဖြင့် မတည်ငြိမ်မှုများ၊ မအေးချမ်းသည့်ကာလများရှိခဲ့သည်။ ထို့နောက် ပြည်ထောင်စုကြီး၏ ပကတိအနှစ်သာရဖြစ်သည့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA ကို ချုပ်ဆိုပြီး NCA သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်ခဲ့ရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့က ပူးပေါင်းလုပ်ဆောင်လျက်ရှိပြီး အချို့အဖွဲ့များက လက်နက်ကိုင်လမ်းစဉ်ဖြင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် လုပ်ဆောင်လျက်ရှိသည်။

ယနေ့နိုင်ငံတော်တွင် ကြုံတွေ့နေရသည့် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများကို လက်နက်စွဲကိုင်ပြီး တိုက်ပွဲများဖော်ဆောင်ခြင်း၊ အကြမ်းဖက်မှုများဖြင့် ဖြေရှင်းနေသောကြောင့် ဆိုးမွေများကို ဒေသခံတိုင်းရင်းသားပြည်သူများသာ ကြုံတွေ့ခံစားနေကြရသည်ကို ကိုယ်ချင်းစာနာစိတ်ဖြင့် ရှုမြင်ကြရမည်ဖြစ်သည်။ ထို့ကြောင့် တွေ့ဆုံဆွေးနွေးညှိနှိုင်း အဖြေရှာခြင်းနည်းလမ်းဖြင့် NCA လမ်းကြောင်းအတိုင်း လိုက်ပါဆောင်ရွက်နိုင်ရေး သက်ဆိုင်သူများအား နိုင်ငံတော်အစိုးရက စဉ်ဆက်မပြတ် အသိပေးတိုက်တွန်းလျက်ရှိသည်။ နှစ်ပေါင်း ၇၀ ကျော်ကြာ မငြိမ်းချမ်းသည့် ပဋိပက္ခများချုပ်ငြိမ်းပြီး တိုင်းရင်းသားပြည်သူများ၏ဘဝ ငြိမ်းချမ်းသာယာဝပြောရေးအတွက် နိုင်ငံရေးကို နိုင်ငံရေးနည်းလမ်းဖြင့် ဦးစားပေးဆောင်ရွက်ကြရမည်ဖြစ်သည်။

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ပြီးခဲ့သည့်ရက်ပိုင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့်ခရီးစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးရာတွင် "ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားပါက မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးတံခါးကို အမြဲဖွင့်ထားပြီး ဆွေးနွေးရန်အသင့်ရှိပါကြောင်း၊ လက်နက်ကိုင်အကြမ်းဖက်သမားများအနေဖြင့် ဖြစ်လိုသည်ကို ရှေ့တန်းတင်မည့်အစား ဖြစ်သင့်သည်ကို လုပ်ဆောင်ကြရန်လိုကြောင်း၊ MNDAA၊ TNLA နှင့် AA အဖွဲ့သုံးဖွဲ့အနေဖြင့် ငြိမ်းချမ်းရေးကိုလိုလားလာကြောင်း ရှင်းလင်းပြတ်သားသည့် လုပ်ဆောင်ချက်ပြသလာမှသာလျှင် မိမိတို့အနေဖြင့် ဆွေးနွေးမှုများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ်မှစတင်၍ အပစ်အခတ်ရပ်စဲရေးကို တစ်ဖက်သတ်ကြေညာခဲ့ပြီး ငြိမ်းချမ်းရေးကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ အပစ်အခတ်ရပ်စဲရေး ကြေညာထားသည့်ကာလအတွင်း လက်နက်ကိုင်အဖွဲ့များက တိုက်ခိုက်မှသာ တပ်မတော်က တုံ့ပြန်တိုက်ခိုက်ခြင်းများ ဆောင်ရွက်ခဲ့သည်။ တိုင်းရင်းသားဒေသများကို အကြောင်းမဲ့သက်သက်တိုက်ခိုက်ခြင်း အလျှင်းမရှိပေ။ MNDAA၊ TNLA နှင့် AA သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်အစိုးရ၏ ၂၀၂၂ ခုနှစ် ဧပြီလက ငြိမ်းချမ်းရေး ကမ်းလှမ်းချက်ကို ငြင်းပယ်ပြီး MNDAA အဖွဲ့အနေဖြင့် ၎င်းတို့၏အထူးဒေသ(၁)ကို ပြန်လည်အသက်သွင်းနိုင်ရေး ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်စပ်ဒေသတွင်ရှိသည့် တပ်မတော်လုံခြုံရေးစခန်းများနှင့် ချင်းရွှေဟော်မြို့ကို ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့က အင်အားသုံးစတင်တိုက်ခိုက်ခဲ့သည်။

ထို့နောက် တရုတ်နိုင်ငံအစိုးရ၏ ကြားဝင်စေ့စပ်ပေးမှုဖြင့် ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိခဲ့သော်လည်း ၎င်းတို့သည်သဘောတူညီချက်ကိုချိုးဖောက်ကာ မြို့ရွာများကို ဆက်လက်တိုက်ပွဲဖော်ဆောင်ခဲ့သည်။ နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများကို နိုင်ငံရေးအရမဖြေရှင်းဘဲ လက်နက်စွဲကိုင်ပြီး တိုက်ပွဲများဖော်ဆောင်ခြင်း၊ အကြမ်းဖက်မှုများပြုလုပ်ခြင်းသည် ဒေသခံတိုင်းရင်းသားပြည်သူများသာ ဆင်းရဲဒုက္ခမျိုးစုံတို့ကို ခံစားနေကြရသည်ဖြစ်ရာ ဆွေးနွေးညှိနှိုင်း အဖြေရှာသော နည်းလမ်းဖြင့် NCA လမ်းကြောင်းအတိုင်း လိုက်ပါဆောင်ရွက်နိုင်ရေး သက်ဆိုင်သူများအား အသိပေးတိုက်တွန်းအပ်ပါကြောင်း။ ။




## နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
**အဆင့်မြင့်ပညာဦးစီးဌာန**
ကြေညာချက်
**နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ဘွဲ့ကြိုတန်းများနှင့် ဘွဲ့လွန်တန်းများကို ၁၄-၁၁-၂၀၂၄ ရက်မှစတင်၍ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ပိတ်ရက်မရှိကျောင်းအပ်လက်ခံပြီး ၂၁-၁၁-၂၀၂၄ ရက်မှစတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

## အစိုးရနည်းပညာကောလိပ်များ၏ B.Tech ဘွဲ့ သင်တန်းများအားလုံး ၂၁-၁၁-၂၀၂၄ ရက်တွင် ဖွင့်လှစ်မည်

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**
**ကြေညာချက်**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ အစိုးရနည်းပညာကောလိပ်များ၏ B.Tech ဘွဲ့သင်တန်းများအားလုံးကို ၂၁-၁၁-၂၀၂၄ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။ ကျောင်းအပ်လက်ခံခြင်းကို ၁၄-၁၁-၂၀၂၄ ရက်မှစတင်၍ လက်ခံဆောင်ရွက်မည်ဖြစ်ပါသည်။

**နည်းပညာ၊သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၆၃၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၁၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိက ထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ နိုဝင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၆၃၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁


# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ချုံချင့်မြို့ ကျန်းပေအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ချုံချင့်မြို့ ဒုတိယမြို့တော်ဝန် Mr. Shang Kui က ပို့ဆောင်နှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရှန်းကျန့်မြို့ ဘောင်အန်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရှန်းကျန့်မြို့ ဒုတိယမြို့တော်ဝန် Mr. Dai Jin Tao၊ နန်နင်းမြို့မှ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ် ဒေါ်ခိုင်ဆုလင်းနှင့်တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်စဉ်။

☆ ရှေ့ဖုံးမှ

**Hytera Communications Corporation Limited**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရှန်းကျန့်မြို့ရှိ Hytera Communications Corporation Limited သို့ သွားရောက်လေ့လာကြရာ Founder and Chairman ဖြစ်သူ Mr. Chen Qingzhou နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ ကုမ္ပဏီပြခန်းမအတွင်း၌ ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းကို ဖွင့်လှစ်ပြသပြီး သမိုင်းအကျဉ်း၊ ကမ္ဘာတစ်ဝန်းလုံး၌ အသုံးပြုလျက်ရှိသည့် ကုမ္ပဏီက ထုတ်လုပ်သောဆက်သွယ်ရေး နည်းပညာရပ်ဆိုင်ရာပစ္စည်းများနှင့် အသုံးဝင်မှုများ၊ အရေးပေါ်အခြေအနေများ၌ ဆက်သွယ်မှုမပြတ်တောက်စေရေး၊ ကမ္ဘာ့အလိုက် အခမ်းအနားကြီးများပြုလုပ်ရာတွင် ဆက်သွယ်မှုစနစ် လွယ်ကူမြန်ဆန်ချောမွေ့စေရေး ဆောင်ရွက်နိုင်ခဲ့မှုများအတွက် ဆုတံဆိပ်ရရှိခဲ့မှုများ၊ ခေတ်အလိုက် ပြောင်းလဲတိုးတက်လာသည့် နည်းပညာနှင့်အတူ ဆန်းသစ်တီထွင် ထုတ်လုပ်ထားရှိပြီး ဈေးကွက်အတွင်း ဖြန့်ဖြူးပေးလျက်ရှိသည့် ဆက်သွယ်ရေးပစ္စည်းကိရိယာများ စသည်တို့ကို လိုက်လံရှင်းလင်း တင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များနှင့် အကြံပြုချက်များကို ပြန်လည်ဆွေးနွေးခဲ့သည်။

**The Tide Rises in the Pearl River Exhibition Center**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကွမ်တုံပြည်နယ်၏ ပြုပြင်ပြောင်းလဲမှုနှင့် တံခါးဖွင့်စီးပွားရေးဆောင်ရွက်မှုကို အကောင်အထည်ဖော်ခဲ့သည့် နှစ် ၄၀ မြောက် အထိမ်းအမှတ်အဖြစ် ဖွင့်လှစ်ထားသည့်“The Tide Rises in the Pearl River Exhibition Center”သို့

**စာမျက်နှာ ၄ သို့ »»»**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရှန်းကျန့်မြို့ရှိ Hytera Communications Corporation Limited တွင် ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ Civic Center ၌ LED Light Show ရောင်စုံမီးအလှများအား နည်းပညာအသုံးပြု၍ လူအများ စိတ်ဝင်စားစေရန် ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုလေ့လာစဉ်။

»»» စာမျက်နှာ ၃ မှ

သွားရောက် လေ့လာကြည့်ရှုကြရာ ပြတိုက်မှူး Mr. Huang Chen နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ရှန်းကျန့်မြို့၏ ခေတ်အဆက်ဆက် ပြုပြင်ပြောင်းလဲတိုးတက်လာမှု သမိုင်းမှတ်တမ်းကို ဖွင့်လှစ်ပြသသည်။ ဆက်လက်၍ နှစ်အလိုက် ပြောင်းလဲလာသည့် ကွမ်ကျိုးလူနေမှုဘဝ၊ ပညာရေးစနစ်၊ အုပ်ချုပ်ရေးစနစ်၊ ကွမ်တုံပြည်နယ်၏ သင်္ကေတ၊ ၁၉၈၀ နောက်ပိုင်း ပြည်တွင်း၊ ပြည်ပ တင်ပို့ရောင်းချလျက်ရှိသည့် ချည်ထည်ပြခန်းအပါအဝင် ကဏ္ဍစုံ၌ ဖွံ့ဖြိုးတိုးတက်လာသည့် မှတ်တမ်းဓာတ်ပုံများ၊ သရုပ်ပြပုံများ၊ အထူးစီးပွားရေးဇုန် စတင်ထူထောင်ခဲ့မှု မှတ်တမ်းများ၊ အခြေခံ အဆောက်အအုံ စတင်ဆောက်လုပ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများနှင့် ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုနှင့် ပြုပြင်ပြောင်းလဲမှုကာလတစ်လျှောက် ပါတီဗဟိုကော်မတီက ချမှတ်ပေးခဲ့သော ပြုပြင်ပြောင်းလဲမှုနှင့် အဆင့်ဆင့် ပြောင်းလဲတိုးတက်လာမှုပြခန်းများကိုလေ့လာကြည့်ရှုခဲ့ပြီး ပြတိုက်မှူးနှင့် ပြကွက်များအလိုက် တာဝန်ခံများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးပြောကြားသည်။

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Civic Center သို့ ရောက်ရှိကြပြီး LED Light Show ရောင်စုံမီးအလှများအား နည်းပညာအသုံးပြု၍ လူအများ စိတ်ဝင်စားစေရန် ဆောင်ရွက်ထားရှိမှုကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)မှ တည်ခင်းဧည့်ခံသည့် ခရီးစဉ်ဂုဏ်ပြုညစာစားပွဲကို အတူတကွ စာမျက်နှာ ၅ သို့ »»»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရှန်းကျန့်မြို့ရှိ The Tide Rises in the Pearl River Exhibition Center ၌ ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ BYD မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီမှ ထုတ်လုပ်ထားသည့် BYD-U9 မော်ဒယ်ဖြင့် သရုပ်ပြသမှုကို ကြည့်ရှုလေ့လာစဉ်။

# ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

**ရက်စွဲ ၊ ၂၀၂၄ ခုနှစ် နိုဝင်ဘာလ (၁၀) ရက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပသည့် အဋ္ဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ – ကျောက်ဖရား – မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့်(၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား – လာအို – မြန်မာ – ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံနှင့် ပြည်သူများအတွက် အထူးကောင်းမွန်သည့် အကျိုးကျေးဇူးရလဒ်များအား ရယူနိုင်ခဲ့ခြင်း၊ ဧရာဝတီ – ကျောက်ဖရား – မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ၏ အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူခြင်းတို့အတွက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) က အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း သတင်းထုတ်ပြန် ကြေညာအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရှန်းကျန့်မြို့ရှိ BYD မော်တော်ကား ထုတ်လုပ်ရေးကုမ္ပဏီ၌ ကြည့်ရှုလေ့လာစဉ်။

»»» **စာမျက်နှာ ၄ မှ**

တက်ရောက်သုံးဆောင်ခဲ့ကြပြီး ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။

**BYD မော်တော်ကား ထုတ်လုပ်ရေးကုမ္ပဏီ**

ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရှန်းကျန့်မြို့ရှိ BYD မော်တော်ကား ထုတ်လုပ်ရေး ကုမ္ပဏီသို့ ရောက်ရှိလေ့လာကြရာ ကုမ္ပဏီမှ Asia-Pacific Auto Sales Division Country Head of BYD Myanmar ဖြစ်သူ Mrs. Gillian Li နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ကုမ္ပဏီမှ ထုတ်လုပ်ထားသည့် BYD-U9 မော်ဒယ်ဖြင့် သရုပ်ပြသပြီး ကုမ္ပဏီပြခန်းအတွင်း၌ ထုတ်လုပ်ထားသည့် ကားအမျိုးအစားများအား တစ်စီးချင်းစီအလိုက် ရှင်းလင်းပြသ၍ ကုမ္ပဏီသမိုင်းအကျဉ်းနှင့် လုပ်ငန်းဆောင်ရွက်နေမှု မှတ်တမ်းကို ဖွင့်လှစ်ပြသသည်။

ယင်းနောက် မော်တော်ယာဉ်ဖွဲ့စည်းတည်ဆောက်မှု အစိတ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရှန်းကျန့်မြို့ရှိ The Tide Rises in the Pearl River Exhibition Center တွင် ကြည့်ရှုလေ့လာစဉ်။

အပိုင်းများကို အပိုင်းလိုက်ခင်းကျင်းပြသထားမှု၊ နှစ်အလိုက်ဖွံ့ဖြိုးတိုးတက်လာမှုများ၊ ထုတ်လုပ်နေမှုအဆင့်ဆင့်အား ပုံစံငယ်ဖြင့် ပြသထားမှု၊ EV ရထားနှင့် ရထားတွင် ပါဝင်သည့်အစိတ်အပိုင်းများ၊ ပြည်တွင်း၊ ပြည်ပ၌ ပြေးဆွဲလျက်ရှိမှုများ၊ ကုမ္ပဏီမှ ထုတ်လုပ်သုံးစွဲထားသည့် ဘက်ထရီနှင့် ရိုးရိုးဘက်ထရီတို့၏ ခံနိုင်ရည်စွမ်းရည်အား လက်တွေ့နှိုင်းယှဉ် သရုပ်ပြသမှုတို့ကို လိုက်လံကြည့်ရှုလေ့လာခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Mrs. Gillian Li တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## အိမ်နီးချင်း

❖ ရေခံမြေခံ
ကံတူဆုံစည်း၊ အိမ်ချင်းနီး၍
အိမ်နီးချင်းတွေ၊ ဖြစ်ကြပေ၏
ရပ်ဆွေရပ်မျိုး၊ ချစ်ခင်တိုးလျက်
အကျိုးတူစွာ၊ ပူးပေါင်းပါမှ
သူငါတူမျှ၊ အကျိုးရလိမ့်...။

❖ အိမ်နီးချင်းမို့
ရင်းနှီးနွေးထွေး၊ စောင့်ရှောက်ဖေးကူ
အေးတူပူမျှ၊ တူတကွလျှင်
ကိုယ်ကသူ့ကျိုး၊ သူ ကိုယ့်ကျိုးကို
သယ်ပိုးပြန်လှန်၊ မေတ္တာမှန်မှ
ကောန်ခွန့်ရှည်၊ စည်းလုံးညီလိမ့်...။

❖ အိမ်နီးချင်းမို့
စိတ်ချင်းနီးလျှင်၊ ဆွေမျိုးပင်တည့်
ချစ်ခင်မြဲလျှင်၊ သွေးသားပင်တည့်
ရင်၌ဖြစ်တည်၊ ကမ္ဘာတည်မည့်
ယုံကြည်မှုများ၊ နှစ်ဖက်ကြားဝယ်
တိုးပွားမှလေ၊ အကျိုးများပေလိမ့်...။

❖ နှစ်ပေါင်းထောင်ချီ၊ ယှဉ်တွဲတည်လျက်
ချစ်ကြည်ရင်းနှီး၊ သည်ခရီးဝယ်
နီးတုံဝေးတုံ၊ နိမ့်တုံမြင့်တုံ
ဘယ်သို့ကြုံလည်း
ဘုံအကျိုးတွက်၊ မိတ်မပျက်ဘဲ
နှစ်ဖက်ပူးကပ်၊ ရင်းချင်းအပ်လျက်
ခိုင်မတ်ဂုဏ်သိန်၊ နှစ်ဖက်အိမ်၏
စည်းစိမ်ချမ်းသာ၊ အဖြာဖြာတို့
ခိုင်မာဖွံ့ဖြိုး၊ တိုးထက်တိုးအောင်
သယ်ပိုးဆောင်နိုင်ပါစေသတည်း။
အိမ်နီးချင်းနှင့်အတူပေါင်းစည်း။
ကိုယ့်အိမ်ထွန်းပြောင်ပါစေသတည်း။

(အိမ်နီးချင်း မြန်မာ-တရုတ် ချစ်ကြည်ရင်းနှီးမှုသို့ ဂုဏ်ပြုလျက်)

**ဇော်မင်းမင်းဦး**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်သူလူထုများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်စဉ်။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ထိပ်သီးအစည်းအဝေးများ တက်ရောက်ခဲ့ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်

**နေပြည်တော် နိုဝင်ဘာ ၁၀**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်ပြီးစီးခဲ့သည့် အဋ္ဌမအကြိမ် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး (8th Greater Mekong Subregion Summit) အပါအဝင် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့သည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်းကျန့်မြို့ ဘောင်အန်း အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း(MAI) အထူးလေယာဉ်ဖြင့် နေပြည်တော် တပ်မတော်လေဆိပ်သို့ ထွက်ခွာရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Ms. Ma Jia၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ဇော်ဇော်နိုင်၊ ရှန်းကျန့်မြို့ ဒုတိယမြို့တော်ဝန် Mr. Dai Jin Tao၊ နန်နင်းမြို့မှ မြန်မာ ကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ် ဒေါ်ခိုင်ဆုလင်း နှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် ကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စု ဝန်ကြီးများ၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များနှင့်

စာမျက်နှာ ၇ သို့ ○






## ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသား တရုတ်နွယ်ဖွားပြည်သူများ၊ တရုတ်ရိုးရာ နဂါးနှင့် ခြင်္သေ့အကအဖွဲ့၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် အကအဖွဲ့များ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းမှ တာဝန်ရှိသူများ၊ ဘာသာပေါင်းစုံ အသင်းအဖွဲ့များ၊ အနုပညာရှင်များ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်စဉ်။

○ စာမျက်နှာ ၆ မှ

တာဝန်ရှိသူများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ ပြန်လည် လိုက်ပါလာခဲ့ကြသည်။

**ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့**

ခရီးစဉ်အတွင်း ကူမင်းမြို့၌ ကျင်းပသည့် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခြင်း၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Qiang နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြည်နယ်အဆင့် တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့မှ ဝန်ကြီးချုပ်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ကူမင်းမြို့၊ ချုံချင့်မြို့နှင့် ရှန်းကျန့်မြို့တို့ရှိ အထင်ကရနေရာများ၊ တက္ကသိုလ်များနှင့် စက်ရုံ၊ အလုပ်ရုံများသို့ လေ့လာခြင်းစသည်ဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် တွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်နိုင်ခဲ့ကာ နိုင်ငံ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန်အတွက် အပြုသဘောဆောင်သည့် စီးပွားရေးဆိုင်ရာဆွေးနွေးမှုရလဒ်များ ပေါ်ထွက်လာအောင် ဖော်ဆောင်နိုင်ခဲ့ကြောင်း နှင့် နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေးနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့သည့် ခရီးစဉ်တစ်ခုဖြစ်ခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာစံတော်ချိန် မွန်းလွဲပိုင်းတွင် နေပြည်တော် တပ်မတော် လေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသား တရုတ်နွယ်ဖွားပြည်သူများ၊ တရုတ်ရိုးရာ နဂါးနှင့် ခြင်္သေ့အကအဖွဲ့၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် အကအဖွဲ့များ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းမှ တာဝန်ရှိသူများ၊ ဘာသာပေါင်းစုံ အသင်းအဖွဲ့များ၊ အနုပညာရှင်များ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့ပြင် "တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု အခွန့်ရှည်ပါစေ"၊ "တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ပါစေ"၊ " တရုတ် - မြန်မာနှစ်နိုင်ငံ ဆက်ဆံရေး ပိုမိုတိုးတက်အောင် ဆောင်ရွက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား လှိုက်လှဲစွာကြိုဆိုပါသည်"၊ "တရုတ်မြန်မာ ချစ်ကြည်စွာ တွဲလက်မြဲပါစေ"၊ "မြန်မာနိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား လှိုက်လှဲစွာကြိုဆိုပါ၏" စသည့် ဆိုင်းဘုတ်များ ကိုင်ဆောင်၍ လည်းကောင်း၊ "တရုတ်-မြန်မာ ချစ်ကြည်ရေး အခွန့်ရှည်တည်တံ့ပါစေ"၊ "အမျိုး၊ ဘာသာ၊ သာသနာအတွက် ကြိုးပမ်း ဆောင်ရွက်နေသည့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျန်းမာပါစေ"၊ "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျန်းမာပါစေ"၊ "တရုတ်-မြန်မာ ချစ်ကြည်ရေး ခိုင်မြဲပါစေ"၊ "ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေး အခွန့်ရှည်ပါစေ" စသည့် ကြွေးကြော်သံများကို ကြွေးကြော်၍ လည်းကောင်း၊ တရုတ်-မြန်မာ နှစ်နိုင်ငံအလံငယ်များ ဝှေ့ယမ်း၍ လည်းကောင်း သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တရုတ်ရိုးရာနဂါးနှင့် ခြင်္သေ့အကအဖွဲ့က ကြိုဆိုနှုတ်ဆက်ကြစဉ်။







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံသား တရုတ်နွယ်ဖွားပြည်သူများ၊ တရုတ်ရိုးရာနဂါးနှင့် ခြင်္သေ့အကအဖွဲ့၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် အကအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။





# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံခရီးစဉ်အတွင်း အမိနိုင်ငံတော်အတွက် စွမ်းဆောင်ကြိုးပမ်းခဲ့မှုနှင့် ပြည်သူတို့၏ လှိုက်လှဲစွာ ကြိုဆိုနေမှုမြင်ကွင်းပုံရိပ်များ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဋ္ဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ (ဂျီအမ်အက်စ်) ထိပ်သီးအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Li Qiang က ကြိုဆိုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Li Qiang တို့ တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် H.E.Mr. Hun Manet တို့ တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ ပေါလစ်ဗျူရိုအဖွဲ့ဝင်၊ ချုံချင့်မြူနီစီပယ်ပါတီကော်မတီအတွင်းရေးမှူး Mr.Yuan Jiajun တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။




(၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို -မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု(စီအယ်လ်အမ်ဗွီ)ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို - မြန်မာ - ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု(စီအယ်လ်အမ်ဗွီ)ထိပ်သီးအစည်းအဝေးတွင် အဖွင့်အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ Weima လယ်ယာစက်မှုထုတ်ကုန်ကုမ္ပဏီမှ ထုတ်လုပ်ထားရှိသည့် လယ်ယာလုပ်ငန်းသုံး ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုလေ့လာကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Zhongyue Aviation UAV Firefighting–Drone Co.,Ltd. မှ ထုတ်လုပ်ထားသော လူမှုကယ်ဆယ်ရေးလုပ်ငန်းများတွင်အသုံးပြုသည့် အဆင့်မြင့်ဒရုန်းများ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်တပ်မတော်လေဆိပ်၌ တရုတ်ရိုးရာ နဂါးနှင့်ခြင်္သေ့အကအဖွဲ့တို့ဖြင့် ဂုဏ်ပြုကြိုဆိုနေစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်တပ်မတော်လေဆိပ်၌ တိုင်းရင်းသားပြည်သူများက လှိုက်လှဲနွေးထွေးစွာ သောင်းသောင်းဖြဖြကြိုဆိုနေစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုများအပေါ် တိုင်းရင်းသားပြည်သူလူထုက အားပေးထောက်ခံဂုဏ်ပြုကြိုဆိုနေစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်တပ်မတော်လေဆိပ်၌ တိုင်းရင်းသားပြည်သူများက လှိုက်လှဲနွေးထွေးစွာ သောင်းသောင်းဖြဖြကြိုဆိုနေစဉ်။

# ပန်းကိုလို၍ အပင်ကိုပျိုးခဲ့သည် ပွင့်သောပန်းတို့ လန်းတော့မည်

ပြည်စိုးညိမ်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ ယူနန်အသက်မွေးဝမ်းကျောင်းနှင့် စက်မှုလက်မှုနည်းပညာကောလိပ်၌ နိုဝင်ဘာ ၅ ရက်က ကြည့်ရှုလေ့လာစဉ်။

နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခရီးစဉ်မှာ ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၅ ရက်မှ ၁၀ ရက်အထိ ကြာမြင့်ခဲ့သည်။ မူလတာဝန်မှာ ထိပ်သီးအစည်းအဝေးကြီးများ တက်ရောက်ရန်ဖြစ်သော်လည်း အကြီးအကဲမှာ အမိနိုင်ငံတော်အတွက် ထိုမျှနှင့် တင်းတိမ်မရောင့်ရဲနိုင်။ မိမိအနားယူရမည့် ကိုယ်ပိုင်အချိန်များကိုပင် အသုံးပြု၍ တက္ကသိုလ်များ၊ စက်ရုံ၊ အလုပ်ရုံများသို့ မနားမနေ သွားရောက်လေ့လာခဲ့သည်။

နိုင်ငံတော်အကြီးအကဲသည် ပညာကို လိုလား၍ ပညာရေးကို အားပေးသူဖြစ်သည်။ အစည်းအဝေးများ၊ တွေ့ဆုံမှာကြားမှုများတွင် ပညာရေးကို အလေးအနက်ထားရမည်ဖြစ်ကြောင်း ကြိမ်ဖန်များစွာ ကြားနာခဲ့ရသည်။ လက်တွေ့ကျကျ အားပေးချီးမြှောက်နေသည်ကိုလည်း မျက်ဝါးထင်ထင်တွေ့နေရသည်။ အကြီးအကဲကိုယ်တိုင် မည်သည့်နိုင်ငံကိုရောက်ရှိသည်ဖြစ်စေ မိမိနိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည့် အတတ်ပညာ၊ အသိပညာရပ်တို့၏ ရင်းမြစ်ဖြစ်ထွန်းရာနေရာများကို စိတ်ဝင်တစားလေ့လာစူးစမ်းလေ့ရှိသည်။ အကြီးအကဲအနေဖြင့် အနာဂတ်မြန်မာနိုင်ငံတည်ဆောက်ရေးတွင် ပညာရေး၏အရေးကြီးပုံကို အလေးအနက်ထားမှုက ထင်ရှားလှသည်။

ခရီးစဉ်ကာလအတွင်း အကြီးအကဲအတွက် နားနေချိန်ဆိုသည်မှာ မရှိသလောက်ပင်။ ရောက်ရှိနေသည့်အချိန်အတွင်း အမိမြန်မာနိုင်ငံအတွက် လေ့လာသင့်သည်ကို လေ့လာ၊ ဆွေးနွေးသင့်သည်ကို ဆွေးနွေး၊ မေးမြန်းစူးစမ်းသင့်သည်ကို မေးမြန်းစူးစမ်းရန် ပြင်ဆင်ရသည်။

နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၅ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ ကူမင်းသို့ စတင်ထွက်ခွာသည်။ ခရီးရောက်မဆိုက်မှာပင် ကူမင်းမြို့ HUALUXE Kunming Hotel ၌ တရုတ် – မြန်မာရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။ ထိပ်သီးအစည်းအဝေးကြီးများ တက်ရောက်ရမည့်အကြီးအကဲ၏ခရီးစဉ်မှာ အချိန်ဇယားများနှင့် ပြည့်နှက်နေသည်။ ညနေပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီကော်မတီအတွင်းရေးမှူး H.E.Mr.Wang Ning နှင့် တွေ့ဆုံဆွေးနွေးရန် အစီအစဉ်တစ်ရပ်ရှိနေသေးသည်။ နိုဝင်ဘာလ ၇ ရက်တွင်ပြုလုပ်မည့်ထိပ်သီးအစည်းအဝေးကြီး သုံးရပ်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေကြသည်။ ခရီးစဉ်မစတင်မီကပင် ကြိုတင်ပြင်ဆင်ခဲ့ကြပြီးဖြစ်သော်လည်း အချိန်နှင့်အမျှ ပြောင်းလဲလာနိုင်သည့် အချို့အကြောင်းအရာများအတွက် မတိုင်မီကာလအထိ ပြင်ဆင်မှုကိုမလျှော့ကြချေ။ ကောင်းသည်ထက်ကောင်းအောင်၊ ပြည့်စုံသည်ထက်ပြည့်စုံအောင် အားကြိုးမာန်တက် ဆောင်ရွက်ကြလျက်ရှိသည်။

သို့သော် အကြီးအကဲမှာ မိမိနိုင်ငံအကျိုးအတွက် စွမ်းစွမ်းတမံသယ်ပိုးရွက်ဆောင်ရန် စိတ်အားထက်သန်လျက်ရှိသည်။ ခဏတာမျှ အနားရသော မွန်းလွဲအချိန်လေးမှာပင် အနားမယူနိုင်ဘဲ ကူမင်းမြို့ရှိ ယူနန်အသက်မွေးဝမ်းကျောင်းနှင့် စက်မှုလက်မှု နည်းပညာကောလိပ်၊ ကူမင်းသိပ္ပံနှင့် နည်းပညာတက္ကသိုလ်တို့ကို သွားရောက်လေ့လာရန်ပြင်ဆင်သည်။

နိုင်ငံတော်အကြီးအကဲခေါင်းဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ကောလိပ်တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ တာဝန်ရှိသူများက ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် သက်မွေးပညာဘာသာရပ်များ၊ နည်းပညာဆိုင်ရာဘာသာရပ်များ၊ နိုင်ငံတကာမှ သက်မွေးဘာသာရပ်ဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်များနှင့် ကူးလူး ဆက်သွယ်ဆောင်ရွက်နေမှု၊ ကျွမ်းကျင်လုပ်သားများနှင့် ပညာရှင်များမွေးထုတ်ပေးနေမှု အခြေအနေများကို ရှင်းပြသည်။ အကြီးအကဲက သိရှိလိုသည်များကို စိတ်ဝင်တစား ပြန်လည်မေးမြန်းသည်။ သည့်နောက်တွင် ကမ္ဘာ့အဆင့်အတတ်ပညာ၊ အသိပညာဆိုင်ရာ ပြိုင်ပွဲပြပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် အဆင့်မြင့်နည်းပညာအသုံးပြု စက်ကိရိယာများ ခင်းကျင်းပြသထားသည်ကို အကြီးအကဲက လိုက်လံကြည့်ရှုအားပေးသည်။ အကြီးအကဲမှာ ခရီးစဉ်ပထမဆုံးနေ့မှာပင် အနားမယူရသေးဘဲ လုပ်ငန်းတာဝန်များ တရစပ်ဆောင်ရွက်နေသော်လည်း မောပန်းနွမ်းနယ်ဟန်မရှိ၊ ရွှင်လန်းတက်ကြွလျက်ရှိသည်ကို သတိပြုမိသည်။

ထိုမှတစ်ဆင့် ကူမင်းသိပ္ပံနှင့်နည်းပညာတက္ကသိုလ်သို့ ရောက်သည်တွင် တက္ကသိုလ်ပါတီ အတွင်းရေးမှူးဖြစ်သူ Mr. Teng Jiahua နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ တက္ကသိုလ်တာဝန်ရှိသူများက AI နည်းပညာစမ်းသပ်ခန်းအတွင်းတွင် တက္ကသိုလ်ဆိုင်ရာ ဆောင်ရွက်ချက်များကို Video Clip ဖြင့် ဖွင့်လှစ်ပြသသည်။ အထူးစိတ်ဝင်စားဖွယ်ကောင်းသည်မှာ UAV နှင့် Drone နည်းပညာအသုံးပြု လယ်ယာစိုက်ပျိုးရေး၊ ဆောက်လုပ်ရေးနှင့် ကင်းထောက်နိုင်မှုစွမ်းရည်များ သင်ကြားပို့ချနေမှုများပင်ဖြစ်သည်။ လူသားအစားထိုး အဆင့်မြင့် စက်ရုပ်နည်းပညာ၊ အာရုံခံစနစ် အသုံးပြုမှုနည်းပညာ သင်ကြားပို့ချပေးနေမှုများပင် ဖြစ်သည်။ ၎င်းဌာနများကို အကြီးအကဲက စိတ်ပါဝင်စားစွာ လေ့လာမေးမြန်းရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။ လှည့်လည်ကြည့်ရှု လေ့လာမှုများအပြီးတွင် အကြီးအကဲက တက္ကသိုလ်ပါတီအတွင်းရေးမှူးသို့ အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်သည်။ တုံ့ပြန်သည့်စေတနာအဖြစ် ပါတီအတွင်းရေးမှူးကလည်း လက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်ပြီး အမှတ်တရ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သည်။ နည်းပညာရပ်များက အရှိန်အဟုန်ဖြင့် တိုးတက်ထွန်းကားနေကြသည်။ ရပ်တန့်နေခဲ့၍မရ၊ ကျန်နေခဲ့၍မရ။ အရှိန်အဟုန်ပြင်းစွာစီးဆင်းနေသော နည်းပညာမြစ်ကြီးအတွင်း သက်ဆိုင်ရာ ပညာရပ်များကို "ရတဲ့နေရာကယူ၍ လိုတဲ့နေရာမှာပြန်သုံး" နိုင်အောင် တစိုက်မတ်မတ် ချဉ်းကပ်လေ့လာနေရမည်သာဖြစ်ပါ၏။ အကြီးအကဲသည် သည်သဘောကို ကောင်းစွာသိမြင်နားလည်သည်။ လူသားအရင်းအမြစ်များ စွမ်းရည်မြင့်မားစေရန် ပညာတော်သင်များ စေလွှတ်နေသလို တစ်ဖက်မှလည်း မိမိနိုင်ငံအတွင်းမှာပင် သုတေသနလုပ်ငန်းများ၊ တီထွင်ဖန်တီးမှုများနှင့် ထိုးထွင်းကြံဆမှုများကို နည်းလမ်းမျိုးစုံ အသုံးပြုပြီး အားပေးမြှင့်တင်လျက်ရှိသည်။

ပြီးခဲ့သည့် နိုဝင်ဘာလ ၇ ရက်က ထိပ်သီးအစည်းအဝေးကြီး သုံးရပ်ကို တစ်နေ့တည်း ကျင်းပခဲ့ခြင်းဖြစ်သည်။ အကြီးအကဲမှာ ထိပ်သီးအစည်းအဝေးကြီး သုံးရပ်စလုံးတွင် ပါဝင်တက်ရောက်ခဲ့ရုံမျှမက နိုင်ငံနှင့် လူမျိုးအကျိုးကို ဖော်ဆောင်နိုင်မည့် ဆွေးနွေးချက်များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သဖြင့် စိတ်လက်ပေါ့ပါးနေဟန်ရှိသည်။ နောက်ထပ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတွက် အသင့်ရှိနေဟန်ဖြင့် စိတ်အားထက်သန်လျက်ရှိသည်။ သို့နှင့် နိုဝင်ဘာလ ၈ ရက် နံနက်ပိုင်းတွင် ချုံချင့်မြို့ရှိ စက်ရုံ အလုပ်ရုံများသို့ သွားရောက်လေ့လာရန် ကြိုတင်ပြင်ဆင်ကြသည်။

အကြီးအကဲနှင့် အဖွဲ့ဝင်များ Zhongyue Aviation UAV Firefighting–Drone Co.,Ltd သို့ ရောက်ရှိရာ ကုမ္ပဏီမှ Founder & Chairman ဖြစ်သူ Mr.CAO, Bing နှင့် တာဝန်ရှိသူများက ရင်းနှီးဖော်ရွေစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ကုမ္ပဏီတာဝန်ရှိသူများက ကုမ္ပဏီသမိုင်းအကျဉ်းနှင့် လူသားအကျိုးပြုဆောင်ရွက်ချက်များကြောင့် ပြည်တွင်းပြည်ပက ချီးမြှင့်သည့် ဆုတံဆိပ်များအကြောင်း ဂုဏ်ယူဝင့်ကြွားစွာ ရှင်းပြသည်။ လူမှုကယ်ဆယ်ရေး လုပ်ငန်းများအတွင်း အဆင့်မြင့်ဒရုန်းများသုံးပြီး ဆောင်ရွက်ခဲ့သည့်မှတ်တမ်း Video ကို ပြသသည်။ အကြီးအကဲက အဆင့်မြင့်ဒရုန်းများ ခင်းကျင်းပြသထားသည်ကိုစိတ်ဝင်တစား လိုက်လံကြည့်ရှုသည်။ သိလိုသည်တို့ကို ထဲထဲဝင်ဝင် လေ့လာမေးမြန်းသည်။ ဒရုန်းအသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်ပြသည့် သရုပ်ပြကွက်ကို ကြည့်ရှုအားပေးသည်။ ယခုလို နည်းပညာအသုံးပြု၍ လူသားအကျိုးပြုဒရုန်းများ တီထွင်

စာမျက်နှာ ၁၁ သို့ ✰



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ ကူမင်းသိပ္ပံနှင့်နည်းပညာတက္ကသိုလ်၌ နိုဝင်ဘာ ၅ ရက်က လေ့လာကြည့်ရှုစဉ်။

☆ စာမျက်နှာ ၁၀ မှ

ထုတ်လုပ်မှုနှင့် ဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုကို အသိအမှတ်ပြုပါကြောင်းနှင့် လက်ဆောင်ပစ္စည်းများကို အမှတ်တရပေးအပ်သည်။

ဆက်လက်ပြီး SERES မော်တော်ကားကုမ္ပဏီသို့ သွားရောက်လေ့လာကြရာ Chairman ဖြစ်သူ Mr.Li Bo နှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြသည်။ စက်ရုံ၏သမိုင်းအကျဉ်းနှင့် ကုမ္ပဏီမှထုတ်လုပ်လျက်ရှိသည့် ကားအမျိုးအစားများကို ပြကွက်တစ်ခုချင်းစီအလိုက်၊ ကားအမျိုးအစားအလိုက် အချက်အလက်များနှင့် ကားထုတ်လုပ်နေမှုအဆင့်ဆင့်တို့ကို အသေးစိတ်လိုက်လံရှင်းလင်းပြသသည်။ သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ ပြန်လည်မေးမြန်းနေသော အကြီးအကဲ၏ရင်ထဲတွင် အမိနိုင်ငံတော်အတွက် လက်တွေ့ကျသောရည်မှန်းချက်များနှင့် လှပသောအိပ်မက်များ စွဲမြဲခိုင်မာစွာ ဖြစ်ထွန်းတည်ရှိနေသည်ဟု ယုံကြည်ပါ၏။

တန်ဖိုးရှိသောအချိန်တို့မှာ တရိပ်ရိပ်ကုန်ဆုံးလွန်မြောက်လျက်ရှိ၏။ အကြီးအကဲသည် ရှားပါးသောအချိန်အတွင်းမှပင် ရရှိသောအခွင့်အလမ်းကို အမိအရဖမ်းဆုပ်၍ လေ့လာသင့် လေ့လာထိုက်သည်တို့ကို မနားမနေရှာဖွေဖော်ထုတ်သည်။ ရောက်အောင်သွား၍ စူးစမ်းသည်။ မိမိနိုင်ငံ၏ရေခံမြေခံနှင့်သဟဇာတကျကျ အကျိုးဖြစ်ထွန်းစေမည့် အကြောင်းခြင်းရာများကို စေ့ငုကြံဆသည်။ အမိနိုင်ငံတော်အတွက် ဦးထိပ်ပန်ဆင်ထားသည့်စိတ်က ဦးဆောင်နေသဖြင့် လူငယ်လေးတစ်ဦးအလား ရွှင်လန်းတက်ကြွလျက်ရှိသည်။ Chongqing International Logistics Hub Park ရောက်သည်နှင့် မွန်းတိမ်းစပြုလေပြီ။ တာဝန်ရှိသူများက တရုတ်-ဥရောပ-အနောက်နိုင်ငံတို့အကြား ကုန်စည်စီးဆင်းလျက်ရှိသည့် ကုန်းလမ်း၊ ရေလမ်း လမ်းပြမြေပုံ၊ ချုံချင့်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုသမိုင်း၊ ယန်စီမြစ်ပေါ်ရှိ ကုန်စည်စီးဆင်းမှု ဆိပ်ကမ်းများ၊ လမ်းပန်းဆက်သွယ်ရေးနှင့် မြို့ပြပုံစံငယ်များကို လိုက်လံရှင်းလင်းပြသည်။ တာဝန်ရှိသူတို့၏ ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့မှာ အဆွေခင်ပွန်းကောင်း၊ ဧည့်သည်တော်ကောင်း တစ်ဦးဖြစ်သော အကြီးအကဲအပေါ် အလေးအနက်ထားရှိကြောင်း ပေါ်လွင်လှသည်။ အကြီးအကဲကလည်း တစ်ဖက်မှ ရှင်းလင်းတင်ပြချက်များကို စိတ်ဝင်တစားနားစွင့်၍ သိလိုသည်များကို ကျယ်ကျယ်ပြန့်ပြန့် မေးမြန်းသည်။ အချိန်ပမာဏအားဖြင့် နည်းပါးသော်လည်း အဓိပ္ပာယ်ပြည့်ဝလေးနက်သော လေ့လာရေးခရီးစဉ်တစ်ခုပင်ဖြစ်သည်။ အကြီးအကဲက ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Zhongyue Aviation UAV Firefighting–Drone Co.,Ltd. မှ ထုတ်လုပ်ထားသော လူမှုကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုသည့် အဆင့်မြင့် ဒရုန်းများ ခင်းကျင်းပြသထားရှိမှုကို နိုဝင်ဘာ ၈ ရက်က ကြည့်ရှုလေ့လာစဉ်။

ထိုနေ့ မွန်းလွဲပိုင်းမှာပင် Weima လယ်ယာစက်မှုထုတ်ကုန် ကုမ္ပဏီသို့ သွားရောက်လေ့လာကြသည်။ ဥက္ကဋ္ဌဖြစ်သူ Mr.Yan Hua ကိုယ်တိုင် ဖက်လဲတကင်းဆီးကြို၍ အိမ်နီးချင်းနိုင်ငံများ၊ အရှေ့တောင်အာရှနိုင်ငံများနှင့် ဥရောပနိုင်ငံများသို့ စက်ပစ္စည်းများ တင်ပို့ရောင်းချမှုအခြေအနေ၊ စက်ပစ္စည်းများ ခင်းကျင်းထားမှုနှင့် ထုတ်လုပ်ပုံအဆင့်ဆင့်တို့ကို ကိုယ်တိုင်လိုက်လံရှင်းလင်းပြသသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သော နိုင်ငံဖြစ်သည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် အားယူ ကြိုးပမ်းဆောင်ရွက်နေသော နိုင်ငံဖြစ်သည်။ သို့ဖြစ်ရာ လယ်ယာစက်မှုထုတ်ကုန်ကုမ္ပဏီသို့ အကြီးအကဲကိုယ်တိုင် စိတ်အားထက်သန်စွာ လာရောက်လေ့လာနေသည့် မြင်ကွင်းမှာ အားတက်ဖွယ်ပင်။ မသွေစနစ် ရင်းမြစ်တိုးတက်ပါလျှင် ရွှေမြေတစ်ခေတ် လင်းသစ်ဖြိုးလက်လာရမည်မှာ ဧကန်ဖြစ်ပါ၏။ အကြီးအကဲ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အညီ မြန်ပြည်နယ်စပ်တိုင်အောင် မလပ်မခြားစေရန် ကြံရည်ရွယ်လတ် မရပ်မနားချီတက်ကြရပါမည်။ စီးပွားပေါင်းစု ပူမှုသုဉ်းဆိတ်ကွယ်ပါလျှင် ကြီးပွားကြောင်းပြု၍ လူထုပြုံးရိပ်ကြွယ်ကြပေလိမ့်မည်။

ထို့နောက် Chongqing Planning Exhibition ပြတိုက်သို့ ရောက်ရှိကြရာ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုး၍ ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုကြသည်။ သို့နှင့်ပင် အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့မှာ လုပ်ငန်းဆောင်တာများ နှစ်မြုပ်ထားကြရင်း တစ်နေ့တာ၏အလျားမှာ ကုန်ဆုံးခဲ့ပြီဖြစ်သည်။ ညပိုင်းတွင် ချုံချင့်မြို့ရှိ Yuantongsi သင်္ဘောဆိပ်သို့ရောက်ရှိပြီး ယန်စီမြစ်အတွင်း သင်္ဘောစီး၍လေ့လာခဲ့ကြသည်။ လေ့လာရေးခရီးသက်သက်မျှမဟုတ်။ လုပ်ငန်းတာဝန်များကတွဲလျက်ကပ်ပါလာ၏။ ထိုသင်္ဘောကြီးပေါ်တွင် ချုံချင့်မြို့မှ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ တရုတ်-မြန်မာ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ ယန်စီမြစ်ရေသည် တငြိမ့်ငြိမ့်စီးဆင်းလျက်။ ထို့အတူ အမိမြန်မာနိုင်ငံအတွက် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းကောင်းများသည်လည်း တသွင်သွင်ဖြစ်ထွန်းတိုးတက်လျက်။

နိုဝင်ဘာလ ၉ ရက် နံနက်ပိုင်းတွင် နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ချုံချင့်မြို့ ကျန်းပေအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရှန်းကျန့်မြို့သို့ ဆက်လက်ထွက်ခွာခဲ့သည်။ ရှန်းကျန့်မြို့ရှိ Hytera Communications Corporation Limited သို့ သွားရောက်၍ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာရပ်များနှင့် ခေတ်အလိုက်ပြောင်းလဲတိုးတက်လာသည့် နည်းပညာနှင့်အတူ ဆန်းသစ်တီထွင်ထုတ်လုပ်ထားပုံများကို အသေးစိတ်ကြည့်ရှုလေ့လာကြသည်။ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။ တစ်ဆက်တည်းမှာပင် "The Tide Rises in the Pearl River Exhibition Center" သို့ သွားရောက်၍ နှစ်အလိုက်ပြောင်းလဲလာသည့် ကွမ်ကျိုးလူနေမှုဘဝ၊ ပညာရေးစနစ်၊ အုပ်ချုပ်ရေးစနစ်၊ ကွမ်တုံပြည်နယ်၏သင်္ကေတ၊ ၁၉၈၀ နောက်ပိုင်းပြည်တွင်း၊ ပြည်ပတင်ပို့ရောင်းချလျက်ရှိသည့် ချည်ထည်ပြခန်းများအပါအဝင် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှုများ၊ အထူးစီးပွားရေးဇုန် စတင်ထူထောင်ခဲ့မှုမှတ်တမ်းများစသည်ဖြင့် အဆင့်ဆင့်တိုးတက်ပြောင်းလဲလာခဲ့သည့် ပြခန်းများကို လေ့လာကြည့်ရှုသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် SERES မော်တော်ကားကုမ္ပဏီ၏ စက်ရုံအတွင်း ကားထုတ်လုပ်နေမှုအဆင့်ဆင့်ကို နိုဝင်ဘာ ၈ ရက်က ကြည့်ရှုလေ့လာစဉ်။

နိုဝင်ဘာလ ၁၀ ရက်နေ့ကား အမိမြန်မာနိုင်ငံတော်သို့ ပြန်လည်ထွက်ခွာမည့်နေ့ဖြစ်သည်။ သို့သော် နိုင်ငံတော်အကြီးအကဲမှာ အနားယူခြင်းအလျှင်းမရှိဘဲ ရနိုင်သမျှသော အချိန်အတွင်းမှပင် ရှန်းကျန့်မြို့ရှိ BYD မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီသို့ လေ့လာရေးခရီးသွားရောက်၍ နှစ်အလိုက်ဖွံ့ဖြိုးတိုးတက်လာမှု၊ ထုတ်လုပ်ပုံအဆင့်ဆင့်ကို ပုံစံငယ်များဖြင့် ပြသထားမှု၊ EV ရထားနှင့် ရထားတွင်ပါဝင်နေသည့် အစိတ်အပိုင်းများ၊ ပြည်တွင်းပြည်ပ ပြေးဆွဲလျက်ရှိမှုများ၊ ဘက်ထရီတို့၏ ခံနိုင်ရည်စွမ်းအား လက်တွေ့နှိုင်းယှဉ်ပြသမှုတို့ကို လိုက်လံကြည့်ရှုပြီး သိလိုသည်များကို စေ့စပ်သေချာစွာ မေးမြန်းစူးစမ်းသည်။ အနာဂတ်ကာလအတွက် သယ်ယူပို့ဆောင်ရေးစနစ်နှင့် လောင်စာဆီအစားထိုး သုံးစွဲနိုင်ရေးတို့အထိ အရှည်ကိုမြော်တွေးချင့်တွက်၍ ရသည့်အချိန်လေးမှာပင် မနားမနေ သွားရောက်လေ့လာခြင်းဖြစ်ပါ၏။

အကြီးအကဲ၏ တစ်နေ့တာအတွင်း လေ့လာမှု၊ စူးစမ်းမေးမြန်းမှု၊ တွေ့ဆုံဆွေးနွေးမှုများမှာ မနည်းလှ။ ပညာရေး၊ ကျန်းမာရေး၊ နည်းပညာ၊ ကူးသန်းရောင်းဝယ်ရေး၊ ကာကွယ်ရေး စသည်ဖြင့် နယ်ပယ်စုံလင်လှသည်။ ခရီးစဉ်အတွင်း အရှိန်အဟုန်ကောင်းကောင်းဖြင့် ဆောင်ရွက်ခဲ့မှုများက အမိမြန်မာနိုင်ငံအတွက် အကျိုးရှိစေမည့် ရလဒ်ကောင်းများ ပြန်လည်ထွက်ပေါ်လာစေမည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာလ ၁၀ ရက် မွန်းလွဲပိုင်းတွင် ရှန်းကျန့်မြို့ ဘောင်အန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသည်။

နိုင်ငံတော်အကြီးအကဲ ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ နေပြည်တော် တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိချိန်မှာ မြန်မာစံတော်ချိန် မွန်းလွဲပိုင်းအချိန်ဖြစ်သည်။ နေရောင်ခြည်မှာ မပူလွန်းမအေးလွန်းဘဲ မျှတသော ဥတုကိုဆောင်လျက် အကြီးအကဲ၏ ခရီးစဉ်ကို နွေးထွေးစွာဆီးကြိုနေဘိသို့ ရှိ၏။ မိုးနှောင်း၍ ဆောင်းဦးဝင်စဖြစ်သော အခါသမယမှာ လေပြည်လေညင်းလေးများ ဆော်သွေးကာ အေးချမ်းသာယာလျက်ရှိသည်။ ဝန်းကျင်တစ်ခွင်ဝယ် လတန်ဆောင်တိုင်၏ ငြိမ်သက်ခြင်း၊ အေးမြခြင်း၊ သာယာခြင်းနှင့်ငြိမ်းချမ်းခြင်းတို့သာလျှင် အတိဖုံးလွှမ်း၍ရှိနေပါ၏။

စာမျက်နှာ ၁၂ သို့ ☆

# ခရီးစဉ်ရဲ့အနှစ်ချုပ်ကို ပြောရမယ်ဆိုရင် ခရီးစဉ်ဟာ တရုတ်နိုင်ငံတင်မကဘဲ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံတို့ရဲ့ ဝန်ကြီးချုပ်တို့နဲ့ ဆွေးနွေးခဲ့တာဖြစ်ပါတယ်၊ ခရီးစဉ်ဟာ မြန်မာပြည်သူလူထုရဲ့လူမှုစီးပွားဘဝ မြင့်တက်စေရေးအတွက် အထူးကိုပဲ အောင်မြင်တဲ့ခရီးစဉ် တစ်ခုဖြစ်တယ်လို့ ကျွန်တော် ပြောချင်ပါတယ်

**ဗိုလ်ချုပ်ဇော်မင်းထွန်း**


ဗိုလ်ချုပ်ဇော်မင်းထွန်း


ဦးဝင်းမြင့်



ဦးဇော်ဇော်နိုင်


ဦးနောင်တော်လေး

**ဗိုလ်ချုပ်ဇော်မင်းထွန်း**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အနေနဲ့ ကျွန်တော်တို့ ဒီလ ၅ ရက်ကနေ ၁၀ ရက်အထိ တရုတ်နိုင်ငံမှာ တရုတ်အစိုးရရဲ့ဖိတ်ကြားချက်အရ သွားရောက်ခဲ့ပါတယ်။ အဓိက ကတော့ ကျွန်တော်တို့ အဋ္ဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသ(ဂျီအမ် အက်စ်) အစည်းအဝေး၊ (၁၀)ကြိမ်မြောက်(အက်မက်စ်)အစည်းအဝေး ဧရာဝတီ-ကျောက်ဖရား-မဲခေါင်အစည်းအဝေး၊ (၁၁)ကြိမ်မြောက် (စီအယ်လ်အမ်ဗွီ) အစည်းအဝေးတွေကို တက်ရောက်နိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ နောင်နှစ်မှာဆိုရင် (အက်မက်စ်)ကို အလှည့်ကျ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း နိုင်ငံစုံ(အက်မက်စ်)နိုင်ငံတွေကို ဖိတ်ခေါ်ပြီးလုပ်ဆောင်သွားနိုင် မယ်လို့မျှော်လင့်ပါတယ်။ တရုတ်နိုင်ငံကိုသွားတဲ့အခါမှာလည်း တရုတ် နိုင်ငံဝန်ကြီးချုပ်နဲ့လည်း တွေ့ဆုံခဲ့ပါတယ်။ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ရဲ့ ပါတီအတွင်းရေးမှူးနဲ့လည်း တွေ့ဆုံခဲ့တယ်။ နောက်ပြီး ချုံချင့် ပြည်နယ်ရဲ့ပါတီအတွင်းရေးမှူးနဲ့လည်း တွေ့ဆုံခဲ့ပါတယ်။ အဲဒီမှာ အပိုင်းခွဲပြီးပြောရမယ်ဆိုရင် နိုင်ငံရေးအရ တရုတ်နိုင်ငံအနေနဲ့ ယခင် ကလိုပဲ မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲမှုကို အားပေး ပါတယ်။ ဒါတွေကို ထပ်မံထပ်လောင်းအသိအမှတ်ပြုတယ်။ တရုတ် နိုင်ငံရဲ့နယ်နိမိတ်၊ တရုတ်နိုင်ငံရဲ့နယ်မြေကို အခြေပြုပြီး မြန်မာနိုင်ငံ ကို ဆန့်ကျင်နေတဲ့သူတွေ၊ မြန်မာနိုင်ငံနဲ့ ပတ်သက်ဆန့်ကျင်နေတဲ့ အဖွဲ့အစည်းမှန်သမျှကို လက်မခံကြောင်းပြောပါတယ်။ အဲဒီလိုပဲ မြန်မာ နိုင်ငံအနေနဲ့လည်း တရုတ်နိုင်ငံရဲ့မူဝါဒကို ထပ်လောင်းအတည်ပြုခဲ့တယ်။ တရုတ်နိုင်ငံကိုဆန့်ကျင်တဲ့သူတွေ မြန်မာနိုင်ငံထဲမှာအခြေမပြုနိုင်အောင် ကျွန်တော်တို့ထပ်မံပြီးတော့ ထပ်လောင်းအတည်ပြုခဲ့ပါတယ်။ ဒါက နိုင်ငံရေးပိုင်းနဲ့ပတ်သက်ပြီး တစ်နိုင်ငံနဲ့တစ်နိုင်ငံ မြန်မာနိုင်ငံရဲ့နိုင်ငံရေး စနစ်ခိုင်မာစေဖို့အတွက် တရုတ်နိုင်ငံအနေနဲ့ အမြဲတမ်းအားပေး ထောက်ခံမှုကိုလည်းရရှိခဲ့တယ်။ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားဝန်ကြီးချုပ်၊ လာအိုနိုင်ငံဝန်ကြီးချုပ်တွေနဲ့ အပြုသဘောဆောင်တဲ့ဆက်ဆံရေး၊ အပြုသဘောဆောင်တဲ့တိုးတက် မှုတွေကိုရရှိအောင် ဆွေးနွေးနိုင်ခဲ့တယ်။ နောက်တစ်ခု စီးပွားရေးနဲ့ ပတ်သက်ပြီး တရုတ်နိုင်ငံမှ မြန်မာနိုင်ငံကိုလာပြီး ရင်းနှီးမြှုပ်နှံချင် တဲ့စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ကျွန်တော်တို့ကူမင်းနဲ့ချုံချင့်မှာလည်း တွေ့ဆုံခဲ့တယ်။ အောင်မြင်မှုရခဲ့တယ်။ မြန်မာနိုင်ငံကို လာရောက်ပြီး စီးပွားရေးရင်းနှီးမြှုပ်နှံလိုမှု၊ စိတ်ဝင်စားတဲ့သူတွေများပါတယ်။ ကျွန်တော် တို့အနေနဲ့က တရုတ်နိုင်ငံမှာ ဆောင်ရွက်ခဲ့တာတွေကို Action Plan အနေနဲ့သက်ဆိုင်ရာတာဝန်ရှိသူတွေက တက်တက်ကြွကြွလိုက်လုပ်ဖို့ပဲ လိုအပ်တယ်လို့မြင်ပါတယ်။ တရုတ်ရဲ့ One Belt One Road စီမံကိန်း စတဲ့ မြန်မာနဲ့ဆိုင်တဲ့ CMR မြန်မာ-တရုတ်စီးပွားရေးစင်္ကြံစီမံကိန်း တွေနဲ့ပတ်သက်ပြီးလည်း မကြာမီတိုးမြင့်လာမယ်လို့ မျှော်မှန်းပါတယ်။ လူမှုရေးပိုင်းနဲ့ပတ်သက်ပြီး ပညာရေးကဏ္ဍဖြစ်တယ်။ ပညာရေး ကဏ္ဍမှာ တရုတ်နိုင်ငံကနေ မြန်မာနိုင်ငံကို ပြည်နယ်အဆင့်မှာရော ဗဟိုအစိုးရအဆင့်မှာပါ ကျွန်တော်တို့ ပညာတော်သင်အဖွဲ့တွေပို့ပြီး တော့ခေါ်မှာဖြစ်တယ်။ မြန်မာနိုင်ငံ လူမှုစီးပွားဘဝမြင့်မားတိုးတက်စေ ရေးကို ဆက်လက်ပြီး ကူညီဆောင်ရွက်ပါမယ်။ ခရီးစဉ်ရဲ့အနှစ်ချုပ်ကို ပြောရမယ်ဆိုရင် ခရီးစဉ်ဟာ တရုတ်နိုင်ငံတင်မကဘဲ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံတို့ရဲ့ ဝန်ကြီးချုပ်တို့နဲ့ဆွေးနွေးခဲ့တာဖြစ် ပါတယ်။ ခရီးစဉ်ဟာ မြန်မာပြည်သူလူထုရဲ့ လူမှုစီးပွားဘဝ မြင့်တက် စေရေးအတွက် အထူးကိုပဲ အောင်မြင်တဲ့ခရီးစဉ်တစ်ခုဖြစ်တယ်လို့ ကျွန်တော် ပြောချင်ပါတယ်။

**ဦးဝင်းမြင့်( တွဲဖက်အတွင်းရေးမှူး)**
**မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်**

ရန်ကုန်မှာရှိတဲ့ မြန်မာနိုင်ငံပေါက် တရုတ်အမျိုးသားအဖွဲ့ ဒီမှာ လာရောက်ပြီးတော့ နိုင်ငံရဲ့အကြီးအကဲကို ကြိုဆိုရတဲ့အတွက် စိတ်ထဲမှာ အင်မတန် ဝမ်းသာပီတိဖြစ်မိပါတယ်။ တရုတ်-မြန်မာ နှစ်နိုင်ငံက နှစ်ပေါင်းထောင်နဲ့ချီပြီးတော့ ချစ်ကြည်ရေး၊ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံတိုးတက်ရေး၊ ကျွန်တော်တို့နိုင်ငံရဲ့ ခေါင်းဆောင်ကြီး တရုတ်ပြည် မှာ ဆွေးနွေးပြီးတော့ နှစ်နိုင်ငံချစ်ကြည်ရေးအပေါ်မှာ အများကြီး အကျိုးသက်ရောက်မှုရှိတယ်။ တရုတ်-မြန်မာ နှစ်နိုင်ငံငြိမ်းချမ်းရေး၊ တိုးတက်ရေးအစစအရာရာ ဖြစ်နိုင်ပါတယ်လို့ ကျွန်တော်တို့ အပြည့်အဝ ယုံကြည်ပါတယ်။ ဒါကြောင့် နောက်နောင်မှာလည်း စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အစစအရာရာ အကျိုးရှိမယ်လို့ ယုံကြည်ပါတယ်။

**ဦးဇော်ဇော်နိုင်(ဥက္ကဋ္ဌ)**
**မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်း**

ဒီနေ့ ဒီအခမ်းအနားကတော့ နိုင်ငံတော်ဝန်ကြီးချုပ်ကြီး ဦးဆောင် ပြီး တရုတ်ပြည်ခရီးစဉ်မှာ အောင်မြင်မှုတွေများစွာနဲ့ မြန်မာနိုင်ငံအတွက် စာချုပ်များစွာ ချုပ်ပေးလာတဲ့အတွက် ကျွန်တော်တို့ ရန်ကုန်မြို့ကနေ လာရောက်ပြီး နိုင်ငံတော်ဝန်ကြီးချုပ်ကို ဂုဏ်ပြုသောအားဖြင့် ကြိုဆို တာပါ။ နိုင်ငံတော်အစိုးရကတော့ တရုတ်နိုင်ငံရဲ့ ခရီးစဉ်တွေသွားတယ်။

စာမျက်နှာ ၁၃ သို့ ✳

✰ စာမျက်နှာ ၁၁ မှ

နေပြည်တော် တပ်မတော်လေဆိပ်သို့ အထူးလေယာဉ်ဆင်းသက်ချိန်တွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသား တရုတ်နွယ်ဖွား ပြည်သူများ၊ တရုတ်ရိုးရာနဂါးနှင့် ခြင်္သေ့အကအဖွဲ့၊ တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့များနှင့် အကအဖွဲ့များ၊ဗုဒ္ဓဘာသာကလျာဏယုဝအသင်းမှ တာဝန်ရှိသူများ၊ ဘာသာပေါင်းစုံအသင်းအဖွဲ့များ၊ အနုပညာရှင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံ ပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

တိုင်းရင်းသားရိုးရာ အကအလှအဖွဲ့များကလည်း ပျော်ရွှင်ဝမ်းမြောက်စွာ တီးမှုတ်ကခုန်၍ ဂုဏ်ပြုကြိုဆိုကြသည်။ နိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ်ပြန်လည်ရောက်ရှိမှုကို ဝမ်းပန်းတသာကြိုဆိုနှုတ်ဆက်ကြခြင်းပင်ဖြစ်သည်။ အမိအဖသဖွယ်ဖြစ်သော နိုင်ငံ့ခေါင်းဆောင်အပေါ် သူတို့တစ်တွေ၏ ယုံကြည်ကိုးစားမှုနှင့် အားပေးထောက်ခံမှုကို တစ်ခဲနက်ပြသကြခြင်းဖြစ်သည်။

ပြည်သူတို့သည် ခရီးစဉ်တစ်လျှောက် နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေး၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် နည်းပညာကဏ္ဍ မြင့်မားတိုးတက်ရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ထိပ်သီး အစည်းအဝေး ဆွေးနွေးမှုများနှင့် တိုင်းပြည်နှင့်လူမျိုးအကျိုးကို ရှေးရှုသည့် တွေ့ဆုံဆွေးနွေးမှု၊ လေ့လာမှုစသည်တို့ကို ကောင်းစွာသိမြင်နားလည်ထားကြသည်။ ဤသို့သော အကြောင်းရင်းခံများကြောင့်ပင် သူတို့ကိုယ်တိုင်၏ ရင်တွင်းစိတ်ဆန္ဒအခံဖြင့် အခုလိုလာရောက်ကြိုဆိုကြခြင်းဖြစ်သည်။ ကြိုဆိုသူတိုင်း၏လက်ဝယ်တွင် မြန်မာနိုင်ငံအလံနှင့် တရုတ်နိုင်ငံ အလံငယ်လေးများမှာ အေးမြသောလေပြည်နှင့်အတူ တလူလူ တဖျပ်ဖျပ်လွင့်မြူးလျက်ရှိနေကြသည်။

“တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု အဓွန့်ရှည်ပါစေ”၊ “တရုတ်-မြန်မာနှစ်နိုင်ငံအကြား ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ပါစေ”၊ “တရုတ်-မြန်မာနှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်အောင် ဆောင်ရွက်ခဲ့သည့်နစက ဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား လှိုက်လှဲစွာကြိုဆိုပါသည်”၊ “တရုတ်-မြန်မာချစ်ကြည်စွာ တွဲလက်မြဲပါစေ”၊ “မြန်မာ - တရုတ် ပူးပေါင်းလုပ် အဟုတ်အောင်မြင်ပါစေ”၊ “မြန်မာနိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား လှိုက်လှဲစွာကြိုဆိုပါ၏” စသည့် ဆိုင်းဘုတ်များကိုလည်းကောင်း၊ အကြီးအကဲ၏တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခရီးစဉ်အတွင်း စွမ်းစွမ်းတမံ လှုပ်ရှားဆောင်ရွက်ခဲ့သည့် ရုပ်ပုံများကိုလည်းကောင်း လက်ဝယ်ကိုယ်စီ အမြတ်တနိုး ကိုင်ဆောင်ထားကြသည်။

“တရုတ်-မြန်မာ ချစ်ကြည်ရေး အဓွန့်ရှည်တည်တံ့ပါစေ”၊ “အမျိုး ဘာသာ၊ သာသနာအတွက် ကြိုးပမ်းဆောင်ရွက်နေသည့် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျန်းမာပါစေ”၊ “နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျန်းမာပါစေ”၊ “တရုတ်-မြန်မာ ချစ်ကြည်ရေး ခိုင်မြဲပါစေ”၊ “ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေး အဓွန့်ရှည်ပါစေ” အစရှိသော ကြွေးကြော်သံများကို သံပြိုင်ညီညီ ဟစ်ကြွေး၍ သောင်းသောင်းဖြဖြကြိုဆို နေကြပုံမှာ ကြက်သီးမွေးညင်းထဖွယ်ဖြစ်သည်။ အကြီးအကဲကလည်း ကားမှန်ကိုချ၍ လက်ပြကာ အပြုံးဖြင့် တုံ့ပြန်နှုတ်ဆက်လေသည်။ နိုင်ငံတော်အကြီးအကဲ၏စေတနာအရင်းခံဖြင့် ကြိုးစားအားထုတ်ခဲ့မှုများကို ပြည်သူအပေါင်းက ဝမ်းမြောက်ဝမ်းသာ အသိအမှတ်ပြုဂုဏ်ပြုကြိုဆိုကြသည်။ ယင်းတို့၏စေတနာစိတ်ဖြင့် ကြိုဆိုမှုများကို အကြီးအကဲက မေတ္တာစိတ်ဖြင့် ကမ်းလင့်တုံ့ပြန်သည်။ မေတ္တာဆိုသည်မှာ အလျားအနံမရှိသော်ငြား ကူးလူးတုံ့တင် အသွားအပြန်ရှိတတ်သည်ဆိုခြင်းမှာ မှန်လှပါ၏။ အပေးအယူ မျှမျှ သဟဇာတကျကျဖြင့် မင်္ဂလာရှိသော မြင်ကွင်းတစ်ရပ်ပင်ဖြစ်ပါ၏။

နိုင်ငံတော်အကြီးအကဲ ဦးဆောင်သည့် အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့်ခရီးစဉ်မှာ ပြီးဆုံးခဲ့ပြီဖြစ်သည်။ သို့သော် အကြီးအကဲ၏ ခရီးစဉ်အတွင်း ဆောင်ရွက်နိုင်ခဲ့မှုများမှာ အကျိုးကျေးဇူးများလှသလို အတူလိုက်ပါသွားကြသည့် အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၏ ကြိုးပမ်း ဆောင်ရွက်ခဲ့မှုများကလည်း များပြားလှသည်။

“မျိုးစေ့မမှန် ပင်မသန်က၊ ဖူးတံငုံကင်း အသီးဖျင်း၏” ဆိုသော စကားရှိ၏။ စစ်မှန်သောမျိုးစေ့ကို စိုက်ပျိုးမှသာ အရည်အသွေးကောင်းမွန်သော တန်ဖိုးမြင့် အသီးအပွင့်များကို ရရှိနိုင်မည်ဖြစ်သည်။ အကြီးအကဲနှင့်တကွ အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဝင်တို့သည် နိုင်ငံတော်၏ အနာဂတ်နှင့် ပြည်သူတို့၏ဘဝရှေ့ရေးကိုမြော်တွေး၍ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို မနေမနား ကြိုးပမ်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ ပန်းလိုချင်၍ အပင်ကိုပျိုးခဲ့ကြခြင်းဖြစ်သည်။ အပင်ရှင်သန်ရန်အတွက် စွမ်းရည်ပြည့်ဝသော လူသားအရင်းအမြစ်၊ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုစသည့် မြေဩဇာများကိုလည်း ဖြည့်သွင်းခဲ့ကြသည်။ ဆက်လက် ရှင်သန်ကြီးထွားစေရန်အတွက် ကတိကဝတ်များ၊ ခွန်အားများကိုလည်း ဆောင်ကြဉ်းလာနိုင်ခဲ့ကြသည်။ ထိုစွမ်းရည်၊ ထိုခွန်အားများကို အသုံးချ၍ ဆက်လက် ကြိုးပမ်းကြမည့် အကြောင်းကိုလည်း ခရီးစဉ်လှုပ်ရှားမှုများတွင် ပုံဖော်နိုင်ခဲ့ပြီဖြစ်သည်။ ပန်းလိုချင်၍ အပင်ကိုပျိုးခဲ့ကြလေပြီ။ မဝေးတော့သော ကာလတစ်ခုတွင် ထိုထိုသော အောင်ပန်းတို့သည် အမိနိုင်ငံတော်အတွက် ငွားငွားစွင့်စွင့် ပွင့်လန်းလာကြတော့မည်ဟု အလေးအနက် ယုံကြည်မိပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

# ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဆွေးနွေး



**ရန်ကုန် နိုဝင်ဘာ ၁၀**

၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေး ဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက် အမှာစကားပြောကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် နေပြည်တော်၌ ကျင်းပပြုလုပ်ရန် စီမံထားရှိပါကြောင်း၊ ယင်းအခမ်းအနားကို ယခင်နှစ် ကျင်းပခဲ့သည့် အစဉ်အလာအတိုင်း ခမ်းနားတင့်တယ်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာပုဂ္ဂိုလ်များအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားရှိစေလိုကြောင်း၊ မြန်မာ့ရုပ်ရှင် ထူးချွန်ဆုများ ချီးမြှင့်ရေးနှင့် ပတ်သက်၍ ရသင့်ရထိုက်သည့် အနုပညာရှင်များ ရရှိစေရေးအတွက် ဆုများ အကဲဖြတ်စိစစ်ရေးအဖွဲ့ကို စနစ်တကျဖွဲ့စည်း တာဝန်ပေးရန် လိုကြောင်း၊ အဆိုပါစိစစ်ရေးအဖွဲ့တွင် အတွေ့အကြုံကင်းကင်း၊ ပုဂ္ဂိုလ်စွဲကင်းကင်းဖြင့် ရွေးချယ်ပေးမည့်ပုဂ္ဂိုလ်များအား တာဝန်ပေးအပ်ရန် လိုပါကြောင်း၊ အထူးသဖြင့် ၂၀၂၄ ခုနှစ်တွင် ရုံတင်ပြသခဲ့သော ရုပ်ရှင်ဇာတ်ကားများ၌ ပါဝင်ခဲ့သည့်ပုဂ္ဂိုလ်များနှင့် ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ခံရနိုင်ဖွယ်ရှိသည့် ပုဂ္ဂိုလ်များကို အစကတည်းကပင် ဆုများ အကဲဖြတ်စိစစ်ရေးအဖွဲ့တွင် တာဝန်ပေးအပ်ရန် မပြုသင့်ပါကြောင်း၊ ၎င်းတို့အား အကဲဖြတ်စိစစ်ရေးအဖွဲ့ တာဝန်ပေးအပ်ပါက မလိုလားအပ်သည့် အထင်အမြင်လွဲမှားမှုများ ကြုံတွေ့ရနိုင်ပါကြောင်း၊ ယခုကျင်းပမည့် မြန်မာ့ရုပ်ရှင် ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကြီးကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့က တာဝန်ယူ၊ တာဝန်ခံစိတ်ဖြင့် အောင်မြင်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်းတို့က ယခင်နှစ် ကျင်းပခဲ့သည့် အခမ်းအနားမှရရှိခဲ့သော အားသာချက်/အားနည်းချက်များကို လည်းကောင်း၊ ယခုအခမ်းအနားအတွက် တာဝန်ခွဲဝေဆောင်ရွက်မည့် အစီအစဉ်ကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းပေါင်းစပ်ပေးခဲ့သည်။

**သတင်းစဉ်**

# ပျဉ်းမနားမြို့နယ်၌ လူငယ်စာဖတ်ဝိုင်း ဆွေးနွေးပွဲကျင်းပ

**ပျဉ်းမနား နိုဝင်ဘာ ၁၀**

ပြည်ထောင်စု နယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ Youth Club အဖွဲ့ဝင်လူငယ်များ၏ လူငယ်စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းက ပြုလုပ်သည်။

ဦးစွာ ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းလွင်က လူထုအခြေပြုဗဟိုဌာန လုပ်ငန်းများ ဆောင်ရွက်မှုနှင့် လူငယ်စာဖတ်ဝိုင်း ဆွေးနွေးပွဲများ ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စာဖတ်ဝိုင်းသို့ တက်ရောက်လာကြသူ လူငယ်များက လူငယ်နှင့်နည်းပညာ၊ တန်ဖိုးထားအပ်သော အရာများ၊ AI နည်းပညာ၊ လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့် အောင်မြင်မှု၊ အကောင်းမြင်စိတ်ထား၊ ဘယ်စာကို ဖတ်မလဲ၊ အဂတိလိုက်စားမှု၊ လူငယ်တို့အတွက် ရွှေရောင်အနာဂတ်၊ မြန်မာမှုမြန်မာ့ဟန်ကို မမေ့ကြစေဖို့၊ လူငယ်နှင့်စာဖတ်ခြင်း စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။



ယင်းနောက် စာရေးဆရာမ သက်သက်နွယ် (ရန်ကုန်တက္ကသိုလ်) က Youth Club အဖွဲ့ဝင်လူငယ်များ၏ ဆွေးနွေးမှုများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**

# ဒက္ခိဏသီရိမြို့နယ်၌ တိုင်းရင်းဆေး ဆရာ ဆရာမများက ကွင်းဆင်းဆေးကုသပေး

**နေပြည်တော် နိုဝင်ဘာ ၁၀**

(၂၃) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံနှင့် တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော် ခုတင် (၁၀၀) တိုင်းရင်းဆေးရုံကြီးမှ ယနေ့နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ် ရွာမကျေးရွာ အမှတ် (၁၉) အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကွင်းဆင်း၍ အခမဲ့ဆေးကုသပေးခဲ့ကြောင်း သိရသည်။



ကွင်းဆင်း ဆေးကုသပေးရာတွင် နေပြည်တော် ခုတင် (၁၀၀) တိုင်းရင်းဆေးရုံ ဆေးရုံအုပ်ကြီး ဒေါ်မူမူချိုက ဦးဆောင်၍ တိုင်းရင်းဆေးဆရာ ဆရာမများက ဒက္ခိဏသီရိမြို့နယ် ရွာမကျေးရွာအုပ်စုအတွင်းမှ ပြည်သူ ၁၂၀ အား သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ လေငန်း၊ လေဖြန်း၊ ပါးရွဲ့ရောဂါများ၊ အာရုံကြောရောဂါများ၊ ဒူးနာ၊ ခါးနာ၊ ကျီးပေါင်းရောဂါများ၊ အဆစ်ရောင်၊ အဆစ်နာ၊ သွေးဆုံးမီးယပ်ရောဂါများ၊ ကလေးသူငယ်နာရောဂါများ၊ လိပ်ခေါင်း၊ ဂရင်ဂျီနာ၊ အခြား အနာပေါက်ရောဂါများ၊ ရာသီတုပ်ကွေးနှင့် အဖျားရောဂါ အမျိုးမျိုးတို့ကို တိုင်းရင်းဆေးဖြင့် ကုသ ဆောင်ရွက်ပေးခဲ့ပြီး တိုင်းရင်းဆေးပညာအကြောင်း သိကောင်းစရာများကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

✻ စာမျက်နှာ ၁၂ မှ

အောင်မြင်တယ်။ ဒီလိုပဲ အိန္ဒိယနိုင်ငံနဲ့ မြန်မာနိုင်ငံနဲ့ အောင်မြင်မှုတွေများစွာရှိပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် စီးပွားရေးရောချစ်ကြည်ရေးဦးဆောင်ပြီး လုပ်လာတဲ့အတွက် ဂုဏ်ပြုပြီး လာကြိုတာဖြစ်ပါတယ်။ ကျွန်တော်လည်း ကျေးဇူးတင်ပါတယ်။ ဝမ်းလည်းသာပါတယ်။ ဒီပွဲကို လာတက်ရတာ စိတ်ချမ်းမြေ့ပါတယ်။ ကြည်နူးမိပါတယ်။

**ဦးနောင်တော်လေး(အယ်ဒီတာချုပ်)**

**Myanmar National Post**

ကျွန်တော်တို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဆောင်တဲ့အဖွဲ့ တရုတ်ပြည်ကို စသွားပြီး ဆွေးနွေးဆောင်ရွက်မှုတွေကို စဉ်ဆက်မပြတ် စောင့်ကြည့်တယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဆောင်တဲ့အဖွဲ့ ဆောင်ရွက်ချက်တွေဟာ တိုင်းပြည်မှာ ပကတိလိုအပ်ချက်တွေဖြစ်တဲ့ တည်ငြိမ်အေးချမ်း၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်တဲ့ဆွေးနွေးမှုတွေ ဆောင်ရွက်နိုင်ခဲ့တယ်။ အဲဒီအတွက်ကြောင့် ကျွန်တော်တို့က လာရောက်ကြိုဆိုဂုဏ်ပြုသင့်တယ်။ ဒီလိုရှုမြင်တဲ့အတွက် အမျိုးသားရေးအင်အားစုတွေအနေနဲ့ လာရောက်ပြီး ကြိုဆိုကြခြင်းဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရရဲ့ ဆောင်ရွက်ချက်၊ တစ်ဖက်က တိုင်းပြည်ကို တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင်လုပ်နေတဲ့ အဖွဲ့တွေရဲ့ဆောင်ရွက်ချက်တွေကို နှိုင်းယှဉ်ကြည့်နေရတာပါ။ အထူးသဖြင့် တိုင်းပြည်အတွင်းမှာ တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် လုပ်နေတဲ့အဖွဲ့အစည်း နယ်စပ်ဒေသမှာ အခြားတိုင်းပြည်တွေကို ခြေကုပ်ယူပြီး ကိုယ့်တိုင်းပြည်ကို ဖျက်ဆီးနေတဲ့အခြေအနေမျိုးမှာ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းဖို့ အဓိကဖြစ်နေတယ်။ အထူးသဖြင့် တရုတ်နိုင်ငံဝန်ကြီးချုပ်နဲ့ တွေ့ဆုံတဲ့အခါမှာ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောဆိုခဲ့တဲ့စကားဟာ တိုင်းပြည်ရဲ့ ပကတိလိုအပ်ချက်ဖြစ်တယ်။ MNDAA၊ TNLA၊ AA အဖွဲ့တွေရဲ့လုပ်ရပ်တွေဟာ ဒေသတွင်းမှာ နစ်နာဆုံးရှုံးမှုတွေအများကြီး ဖြစ်တယ်။ သူတို့ဘက်က ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားတဲ့ သဘောမျိုးမပြဘဲနဲ့ တွေ့ဆုံဆွေးနွေးမှုတွေလုပ်မယ်ဆိုတာက ယုတ္တိမရှိဘူး။ ဒါမျိုးလည်း ခွင့်ပြုတော့မှာ မဟုတ်ဘူး။ ဒီလိုပြတ်ပြတ်သားသားပြောတာကို ကျွန်တော်တို့မီဒီယာသမားတွေအနေနဲ့ ကြိုဆိုတယ်။ တရုတ်ပြည်အနေနဲ့လည်း တိုင်းရင်းသားလက်နက်ကိုင်ဆိုသူတွေရဲ့လုပ်ရပ်တွေကို နားလည်လောက်ပြီလို့ထင်တယ်။ မြန်မာတစ်နိုင်ငံတည်းက ထိခိုက်တာမဟုတ်ဘူး။ အိမ်နီးချင်းနိုင်ငံတွေမှာလည်း အကြမ်းဖက်လှုပ်ရှားမှုက ထိခိုက်မှုတွေရှိတယ်။ ဆုံးရှုံးနစ်နာမှုတွေရှိတယ်။ ဒီအပေါ်မှာ နိုင်ငံတော်အကြီးအကဲရဲ့ဆွေးနွေးမှုတွေနဲ့ အခြားနိုင်ငံ့ခေါင်းဆောင်တွေကလည်း အပြုသဘောဆန်ဆန် သုံးသပ်တတ်မယ်ဆိုရင် ကိုယ့်နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက်သာမက ဒေသတွင်းတည်ငြိမ်အေးချမ်းရေးအတွက်ပါ အကျိုးရှိတဲ့ခရီးစဉ်တစ်ခုလို့ မြင်ပါတယ်။

**သတင်းစဉ်**

❖ ကင်းမွန်ရာသီမှ

“ထိုင်းဈေးကွက်ထဲမှာ ဈေးဖြုတ်ချထားတာပါ။ ဒီလိုပဲငါးဖမ်းရာသီဖွင့်ပြီး ကင်းမွန်ရာသီဖွင့်ပြီဆိုရင် သူတို့က ဈေးတွေ ဖြုတ်ချလေ့ရှိပါတယ်။ ရေထွက်ပစ္စည်းဈေးကို ထိုင်းက ချုပ်ကိုင်ထားတော့ သူတို့ပေးတဲ့ဈေးနဲ့ပဲရောင်းနေရပါတယ်။ ကင်းမွန်ကတော့ တရုတ်ဝယ်လက်တွေလည်းရှိပါတယ်” ဟု ကင်းမွန်လှေပိုင်ရှင်တစ်ဦးက ပြောသည်။

ယခင်နှစ်များက ကင်းမွန်ရောင်းတမ်းဝင် ၁၊ ၂၊ ၃ အမျိုးအစားများမှာ ငွေကျပ် သုံးသိန်းကျော် အထိရရှိသော်လည်း ယခုနှစ်တွင် ဈေးအရနည်းနေကြောင်း သိရသည်။

ကင်းမွန်များကို မိုးလေကင်းစင်သည့် ပွင့်လင်းရာသီများတွင်သာ လုပ်ငန်းလုပ်ကိုင်ရပြီး လကွယ်ရက်များကို တွက်ချက်ကာ ပင်လယ်ပြင်အတွင်းသို့ ညအချိန်တွင်သာ လုပ်ငန်းခွင်ဝင်ရကြောင်း သိရသည်။

ကင်းမွန်များကို မြန်မာ – ထိုင်းနယ်စပ်ဂိတ်တစ်ခုဖြစ်သည့် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မော့တောင်မြို့မှတစ်ဆင့် ထိုင်းနိုင်ငံအတွင်းသို့ ကုန်းလမ်းခရီးဖြင့် တင်ပို့နေသလို ရေလမ်းခရီးဖြင့်လည်း ထိုင်းနိုင်ငံ ရနောင်းမြို့သို့လည်း တင်ပို့ပေးနေရကြောင်း သိရသည်။

ထိုအပြင် ပင်လယ်ပြင်အတွင်း လိုက်လံဝယ်ယူသည့်လှေများရှိသလို တရုတ်ဝယ်လက်များကလည်း ကင်းမွန်များကို အပြုတ်၊ အခြောက်များပြုလုပ်ပြီး တရုတ်နိုင်ငံသို့ ပြန်လည်ပို့ဆောင်နေကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်း ကင်းမွန်လှေ (တဂလိုင်စင်) အစင်းရေ ၃၀၀ခန့်ရှိပြီး ကင်းမွန်လှေငယ်အစင်းရေ ၅၀၀ ကျော်ရှိကြောင်း မြိတ်ခရိုင်ကင်းမွန်လုပ်ငန်းရှင်များအသင်းမှ သိရသည်။

**မြင့်ဦး(မြိတ်)**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) လုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး



**ရန်ကုန် နိုဝင်ဘာ ၁၀**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးတို့နှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) လုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း တင်ဒါခေါ်ယူဆောင်ရွက်လျက်ရှိသည့် ပြည်ထောင်စုခန်းမပြုပြင်ခြင်းလုပ်ငန်းများ၊ အုပ်ချုပ်မှုရုံးအဆောက်အအုံများ၊ ကပွဲခန်းမ၊ အဆောက်အအုံဆေးသုတ်ခြင်းလုပ်ငန်းများနှင့် ရေ၊ မီးရရှိရေးစသည့် ဆောင်ရွက်ဆဲလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အရည်အသွေးပြည့်မီစေရန်၊ အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် အရာထမ်း၊ အမှုထမ်းအိမ်ရာများ၊ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်နှင့် ရှမ်းတိုင်းရင်းသားများ၏ ရိုးရာနေအိမ်များ တည်ဆောက်ပြုပြင်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က တိုင်းရင်းသားယဉ်ကျေးမှုရိုးရာအိမ်များကို ၎င်းတို့၏ မူလရိုးရာအစဉ်အလာများ မပျောက်ပျက်အောင် ဂရုပြုထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင်နှင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စု တိုင်းရင်းသားကျေးရွာသည် တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်၊ ဓလေ့ထုံးတမ်းအစဉ်အလာများနှင့် အချို့သောသမိုင်းဝင်မှတ်တမ်းများကို တစ်နေရာတည်းတွင် စုစည်း၍ လေ့လာသိရှိမှတ်သားနိုင်စေရန် မီးမောင်းထိုး ပြသဖော်ကျူးထားသည့်နေရာဖြစ်သည့်အတွက် ဝန်ထမ်းများအနေဖြင့် ယခုထက် ပိုမိုကောင်းမွန်အောင် စောင့်ကြပ်ကြည့်ရှု ပြုပြင်ထိန်းသိမ်းခြင်း၊ မွမ်းမံခြင်းနှင့် လာရောက်လေ့လာကြည့်ရှုသည့် ပြည်သူလူထုကိုလည်း စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် စနစ်တကျ ရှင်းလင်းတင်ပြတတ်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဝန်ထမ်းများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်လိုသည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်က ဖြည့်စွက်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကမာရွတ်မြို့နယ်ရှိ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး လုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

ထို့နောက် ဝန်ထမ်းများက ဌာနဆိုင်ရာလုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဌာနဆိုင်ရာလုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# သရက်ချောင်းမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ဆောင်ရွက်

**သရက်ချောင်း နိုဝင်ဘာ ၁၀**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ပန်းတောရပ်ကွက် ကွင်းအမှတ်(၃၇၆BN)မှ ဧရိယာ ၂ ဒသမ ၅၀ ဧကရှိ တောင်သူဒေါ်သီတာဆင့်ဆင့်၏ လယ်ယာမြေ၌ မိုးစပါး ရက် ၉၀ စပါး တောင်သူပညာပေးစံပြကွက် သုည ဒသမ ၁၀ ဧက ကို ယနေ့နံနက်ပိုင်းက ရိတ်သိမ်းခဲ့သည်။

**တက်ရောက်**

အဆိုပါ စံပြကွက်ရိတ်သိမ်းပွဲကို သရက်ချောင်းမြို့နယ် မြေစာရင်းဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးဇော်မင်းနှင့် ဝန်ထမ်းများ၊ သရက်ချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ သုည ဒသမ ၁၀ ဧက စံပြကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကပျမ်းမျှအစို ၁၀၁ ဒသမ ၅၀ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

**ပြည့်ဖြိုးပိုင်(ပြန်/ဆက်)**

# တောင်ကြီးမြို့၌ မီးခိုးမြူငွေ့လျှော့ချရေးနှင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်တွင် မီးခိုးမြူငွေ့လျှော့ချရေးနှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက တောင်ကြီးမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ပညာအလင်္ကာခန်းမ၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် တောင်ကြီးခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဇော်အောင်က လက်ရှိဖြစ်ပေါ်ပြောင်းလဲနေသော သဘာဝပတ်ဝန်းကျင်အခြေအနေများ၊ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုနှင့် လေထုညစ်ညမ်းမှုအခြေအနေများ၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများ၊ မီးခိုးမြူငွေ့အန္တရာယ်နှင့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သိကောင်းစရာများ၊ သစ်တောဦးစီးဌာန၏လုပ်ငန်းများ၊ သစ်ပင်သစ်တောများ၏ အရေးပါမှုများကို ဆွေးနွေးဟောပြောပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိန်မောင်ဌေးက မီးခိုးမြူငွေ့လျှော့ချရေးအကြောင်းကို Power Point ဖြင့် ရှင်းလင်းဟောပြောသည်။

ထို့နောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိန်မောင်ဌေးက ကျောင်းသား ကျောင်းသူများအား မီးခိုးမြူငွေ့လျှော့ချရေးအကြောင်းနှင့်သက်ဆိုင်သော မေးခွန်းများကိုမေးမြန်းကာ ဖြေဆိုနိုင်သည့် ကျောင်းသား ကျောင်းသူများအား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်းနှင့် တက်ရောက်လာသူများအား မီးခိုးမြူငွေ့အန္တရာယ်ဆိုင်ရာ သိကောင်းစရာ လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**



# ရန်ကုန်မြို့၌ ပြုလုပ်မည့် ပညာရေးပြပွဲတွင် ထိုင်းနိုင်ငံရှိ နိုင်ငံတကာအဆင့်မီတက္ကသိုလ် ၂၈ ခု ပါဝင်ပြသမည်

**ရန်ကုန် နိုဝင်ဘာ ၁၀**

ထိုင်းတက္ကသိုလ်ဘွဲ့ရမြန်မာကျောင်းသားများအသင်း(Association of Myanmar Alumni from Universities in Thailand –AMAUT)က ကြီးမှူး၍ ထိုင်းနိုင်ငံအတွင်းရှိ နိုင်ငံတကာအဆင့်မီတက္ကသိုလ်များစွာ ပါဝင်ပြသမည့် (၈)ကြိမ်မြောက် ထိုင်းတက္ကသိုလ်ပေါင်းစုံပညာရေးပြပွဲ(၂၀၂၄ )ကို နိုဝင်ဘာ ၁၇ ရက်မှ ၁၈ ရက်အထိ နံနက်၉နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပညာရေးပြပွဲတွင် ထိုင်းနိုင်ငံရှိ နိုင်ငံတကာအဆင့်မီ တက္ကသိုလ် ၂၈ ခုမှ ပါဝင်ပြသမည်ဖြစ်ပြီး မြန်မာကျောင်းသား ကျောင်းသူများအနေဖြင့် တက္ကသိုလ်၊ ကောလိပ်များ၊ ပညာရေးအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များထံမှ သတင်းအချက်အလက်များကို တစ်ပြိုင်နက်တည်း ရယူနိုင်မည်ဖြစ်သည်။

မြန်မာကျောင်းသား ကျောင်းသူများနှင့် စိတ်ပါဝင်စားသူ မည်သူမဆို ကွန်ရက်များ ချိတ်ဆက်နိုင်မည့် ပညာရေးပြပွဲသို့ ဝင်ကြေးအခမဲ့ဖြင့် လာရောက်လေ့လာနိုင်ပြီး ထိုင်းတက္ကသိုလ်အများအပြားနှင့် တိုက်ရိုက်ဆွေးနွေးမှုများ ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုထက်**

# ကန့်ဘလူမြို့၌ ရပ်ကွက်နေပြည်သူများအား စားအုန်းဆီများ ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိ

**ကန့်ဘလူ နိုဝင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့၌ ရပ်ကွက်နေပြည်သူများ စားအုန်းဆီများကို ဈေးနှုန်းချိုသာစွာ ဝယ်ယူနိုင်ရေးအတွက် ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် နိုဝင်ဘာ ၁၀ ရက်က မြို့ပေါ်ရပ်ကွက်ငါးခုမှ ရပ်ကွက်နေပြည်သူများအား သတ်မှတ်စုရပ်နေရာများတွင် ရောင်းချပေးသည်။

ထိုသို့ရောင်းချပေးရာတွင် ရပ်ကွက်နေပြည်သူများ လွယ်ကူအဆင်ပြေစွာ ဝယ်ယူနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် သက်ဆိုင်ရာဌာနဆိုင်ရာများ၊ ဆီလုပ်ငန်းရှင်အသင်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ပြည်သူတစ်ဦးလျှင် စားအုန်းဆီ ၅၀ ကျပ်သားကို ငွေကျပ် ၃၆၇၅ ကျပ်ဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ကကြီးခခွေး၊ မတတ်သေး၊ လူရေးညံ့တော့သည်

ဒေါက်တာထွန်းတင့်

## ပါဠိဗျည်း၊ သရများနှင့် မြန်မာဗျည်း၊ သရများ

ပါဠိဗျည်းများ၊ ပါဠိသရများကို မြန်မာဗျည်းများ၊ မြန်မာသရများဟု အရောရော အထွေးထွေး မှတ်သားခဲ့ကြသည်။ ထွေးရောယှက်တင် အမှတ်အထင်မှားခဲ့ကြသည်။ မည်ကဲ့သို့ ထွေးရောယှက်တင် မှတ်ထင်ခဲ့ကြသနည်းဆိုသော်-

၁။ ပါဠိဗျည်းများ၊ ပါဠိသရများကို မြန်မာဗျည်းများ၊ မြန်မာသရများဟု မကွဲမပြားလွဲမှားမှတ်သားခဲ့ကြသည်။

၂။ မြန်မာဗျည်းအက္ခရာများကို မြန်မာဗျည်းများဟူ၍ ထင်မှားမှတ်သားခဲ့ကြသည်။

၃။ မြန်မာသရများကိုလည်း အကုန်အစင် မှတ်တမ်းမတင်ကြဘဲ သင်ရိုးသရများကိုသာ မြန်မာသရများဟူ၍ မှတ်သားခဲ့ကြသည်။

တစ်ချက်ချင်းရှင်းမှ ရေလည်မည်ဟု ယူဆပါသည်။

**၁။ ပါဠိဗျည်းများ၊ ပါဠိသရများကို မြန်မာဗျည်းများ၊ မြန်မာသရများဟု မကွဲမပြား လွဲမှားမှတ်သားခဲ့ကြသည်။**

ပါဠိဘာသာတွင် ဗျည်း ၃၃ လုံး၊ သရ ၈ လုံး ရှိပါသည်။ ပါဠိဘာသာတွင် ဗျည်းအက္ခရာ၊ သရအက္ခရာ မရှိသဖြင့် ဗျည်း ၃၃ လုံး၊ သရ ၈ လုံး ရှိသည်ဟုဆိုလျှင်ပင် ဗျည်းသံ ၃၃ သံ၊ သရသံ ၈ သံ ရှိသည်ဟု နားလည်ပြီးဖြစ်သည်ဟု ယူရပေသည်။

ပါဠိဘာသာတွင် အက္ခရာမရှိပါ။ ဗျည်းအက္ခရာလည်းမရှိ၊ သရအက္ခရာ လည်းမရှိပါ။ ပါဠိဗျည်းအက္ခရာကို မြန်မာတို့ရေးလိုလျှင် မြန်မာဗျည်းအက္ခရာကိုပင် အသုံးပြုပါသည်။ ပါဠိသရအက္ခရာကိုမြန်မာတို့ ရေးလိုလျှင်လည်း မြန်မာသရအက္ခရာကိုပင် သုံးပါသည်။

ပါဠိဘာသာတွင် ဗျည်း ၃၃ လုံး၊ သရ ၈ လုံး ရှိပါသည်။ ပါဠိဘာသာ ဗျည်း ၃၃ လုံးမှာ-

က၊ ခ၊ ဂ၊ ဃ၊ င<br>
စ၊ ဆ၊ ဇ၊ ဈ၊ ဉ<br>
ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ<br>
တ၊ ထ၊ ဒ၊ ဓ၊ န<br>
ပ၊ ဖ၊ ဗ၊ ဘ၊ မ<br>
ယ၊ ရ၊ လ၊ ဝ၊<br>
သ၊ ဟ၊ ဠ၊ အံ တို့ဖြစ်ပါသည်။

ထိုတွင်

| | |
|---|---|
| က အစ င အဆုံး ၅ လုံးသည် | ကဝဂ်ဗျည်း |
| စ အစ ဉ အဆုံး ၅ လုံးသည် | စဝဂ်ဗျည်း |
| ဋ အစ ဏ အဆုံး ၅ လုံးသည် | ဋဝဂ်ဗျည်း |
| တ အစ န အဆုံး ၅ လုံးသည် | တဝဂ်ဗျည်း |
| ပ အစ မ အဆုံး ၅ လုံးသည် | ပဝဂ်ဗျည်း |
| ယ အစ အံ အဆုံး ၈ လုံးသည် | အဝဂ်ဗျည်းတို့ ဖြစ်ကြသည်။ |

ထိုစာရင်းအရ ကဝဂ်ဗျည်း ၅ လုံး၊ စဝဂ်ဗျည်း ၅ လုံး၊ ဋဝဂ်ဗျည်း ၅ လုံး၊ တဝဂ်ဗျည်း ၅ လုံး၊ ပဝဂ်ဗျည်း ၅ လုံး ဟူသော ဝဂ်ဗျည်း ၂၅ လုံး၊ ဝဂ်ဗျည်းမဟုတ်သော (အဝဂ်)ဗျည်း ၈ လုံး ဟူ၍ ဗျည်း ၃၃ လုံး ရှိသည်။

အထူးမှတ်ဖွယ်မှာ ပါဠိဘာသာတွင် စဝဂ်၏အဆုံးဗျည်း၊ စဝဂ်၏ ဝဏ္ဏဗျည်းသည် ဉ (ဉကလေး) ဖြစ်ပါသည်။ ပါဠိဘာသာတွင် ညကြီး မရှိပါ။ ပညာ၊ အညမည၊ ဝိညာဉ်၊ ပုည စသည်တို့မှ ညကြီးများသည် ဉလေး နှစ်လုံးဆင့်၊ ဉလေး ဒွေးဘော်များ ဖြစ်ကြပါသည်။ ထို့ပြင် နောက်ဆုံး ဗျည်းကို အံ ဟု ပြသည်မှာ က်၊ ခ်၊ ဂ်၊ ဃ်၊ င် စသောဗျည်းများကို ပြရာ၌ က်၊ ခ် စသောဗျည်းများကို အ သရနှင့်တွဲ၍ က၊ ခ စသည် ပြသကဲ့သို့ နိဂ္ဂဟိတ် (-ံ) မျှသာဖြစ်သော နောက်ဆုံးဗျည်း (-ံ) ကိုလည်း အ သရနှင့်တွဲ၍ အံ ဟု ပြခြင်းဖြစ်ပါသည်။ က၊ ခ စသည် အသံထွက်ရွတ်ဆိုနိုင်သကဲ့သို့ အံ ဟူ၍ အသံထွက်ရွတ်ဆိုနိုင်သော အကျိုးရှိပါသည်။ စင်စစ်အားဖြင့် အ သရ မပါဘဲ က် ဗျည်း၊ ခ် ဗျည်း စသည်တို့ကို အသံထွက်၍ မရွတ်ဆိုနိုင်သကဲ့သို့ အစက်အပြောက် ဗိန္ဒုမျှသာဖြစ်သော နိဂ္ဂဟိတ်ဗျည်း (-ံ) ကိုလည်း အ သရနှင့်မတွဲဘဲ အသံထွက်၍ မရွတ်ဆိုနိုင်ပါ။

ဖော်ပြပါ ပါဠိဗျည်း ၃၃ လုံးကိုပင် မြန်မာဗျည်း ၃၃ လုံးဟု မှတ်ယူခဲ့ကြပါသည်။ မြန်မာဗျည်း ၃၃ လုံးဟု ဆိုရာတွင်လည်း ပါဠိဗျည်း ဉလေးကို မယူဘဲ ညကြီးဗျည်းကို မြန်မာဗျည်းဟု ရေတွက်ကြပါသည်။ ပါဠိဗျည်း ၃၃ လုံးတွင် နောက်ဆုံးဗျည်းဖြစ်သော နိဂ္ဂဟိတ်ဗျည်း (-ံ) ကို မယူဘဲ(-ံ) ဗျည်းနေရာတွင် (အ) ကို ထည့်သွင်းရေတွက်၍ မြန်မာဗျည်း ၃၃ လုံးဟု ယူမှတ်ကြပါသည်။ မြန်မာသင်ပုန်းကြီးကို သင်ယူသောအခါ က အစ အ အဆုံး ၃၃ လုံးကို မြန်မာဗျည်းများဟု မှတ်ယူကြပါသည်။ စင်စစ်အားဖြင့် အ သည် ဗျည်း မဟုတ်ပါ။ သရသာဖြစ်ပါသည်။ သို့သော် မြန်မာသင်ပုန်းကြီးဖတ်စာတွင် အ ကို ဗျည်းအဖြစ် သတ်မှတ်၍ ရေတွက်ခဲ့ကြပါသည်။ အ ကို ဗျည်းအဖြစ် သတ်မှတ်ရေတွက်ခဲ့ခြင်းနှင့်ပတ်သက်၍ မြန်မာအဘိဓာန်တွင် ရှင်းလင်းချက်ပေးထားသည်ကို တွေ့နိုင်ပါသည်။ (ဤစာအုပ် အ အက္ခရာ အကြောင်းတွင်လည်းရှုပါဦး။)

ပါဠိဗျည်းနှင့်သရများ၏ ဌာန်၊ ကရိုဏ်း၊ ပယတ် တို့ကို အောက်ပါအတိုင်း သတ်မှတ်ထားပါသည်။

• **ဌာန်**။ ။ ဌာန်ဆိုသည်မှာ ပါဠိဘာသာ ဌာနကို မြန်မာမှုပြုထားခြင်းဖြစ်သည်။ အသံဖြစ်ရာ အရပ်ဟုဆိုလိုသည်။ ဌာန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| | | |
|---|---|---|
| က၊ ခ၊ ဂ၊ ဃ၊ င၊ ဟ၊ အ၊ အာ | - | ကဏ္ဍဌာန် (လည်ချောင်းအရပ်) |
| စ၊ ဆ၊ ဇ၊ ဈ၊ဥ၊ယ၊ ဣ၊ ဤ | - | တာလုဌာန် (အာစောက်အရပ်) |
| ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ၊ ရ၊ ဠ | - | မုဒ္ဓဌာန် (လျှာထိပ်အရပ်) |
| တ၊ ထ၊ ဒ၊ ဓ၊ န၊ လ၊ သ | - | ဒန္တဌာန် (သွားအရပ်) |
| ပ၊ ဖ၊ ဗ၊ ဘ၊ မ၊ ဥ၊ ဦ | - | ဩဋ္ဌဌာန် (နှုတ်ခမ်းအရပ်) |
| ဝ | - | ဒန္တဩဋ္ဌဌာန် (သွား+နှုတ်ခမ်းအရပ်) |
| -ံ (နိဂ္ဂဟိတ်) | - | နာသိကဌာန် (နှာခေါင်းအရပ်) |
| ဧ | - | ကဏ္ဍတာလုဌာန် (လည်ချောင်း + အာစောက်အရပ်) |
| ဩ | - | ကဏ္ဍဩဋ္ဌဌာန် (လည်ချောင်း + နှုတ်ခမ်းအရပ်) |

• **ကရိုဏ်း**။ ။ ကရိုဏ်းဆိုသည်မှာ ပါဠိဘာသာ ကရဏ ကို မြန်မာမှုပြုထားခြင်းဖြစ်သည်။ အသံဖြစ်ကြောင်းဟု ဆိုလိုသည်။ ကရိုဏ်းကို အောက်ပါအတိုင်းမှတ်နိုင်ပါသည်-

| | | |
|---|---|---|
| ကဏ္ဍဌာန် | - | သကဌာန်ကရိုဏ်း (မိမိဌာန်ကရိုဏ်း) |
| တာလုဌာန် | - | ဇိဝှာမဇ္ဈကရိုဏ်း (လျှာလယ်ကရိုဏ်း) |
| မုဒ္ဓဌာန် | - | ဇိဝှောပဂ္ဂကရိုဏ်း(လျှာဖျားအနီးကရိုဏ်း) |
| ဒန္တဌာန် | - | ဇိဝှဂ္ဂကရိုဏ်း (လျှာဖျားကရိုဏ်း) |
| ဩဋ္ဌဌာန် | - | သကဌာန်ကရိုဏ်း (မိမိဌာန်ကရိုဏ်း) |

• **ပယတ်**။ ။ ပယတ်ဆိုသည်မှာ ပါဠိဘာသာ ပယတန ကို မြန်မာမှုပြုထားခြင်းဖြစ်သည်။ အသံဖြစ်ကြောင်း အားထုတ်မှုဟု ဆိုလိုသည်။ ပယတ်ကို အောက်ပါအတိုင်းသတ်မှတ်ထားပါသည်-

| | | |
|---|---|---|
| အ သရ | - | သံဝုဋ္ဌပယတ်(ပိတ်ရွတ်) |
| အာ အစရှိသော ကျန် ၇ လုံး၊ သ၊ ဟ | - | ဝိဝဋ္ဌပယတ် (ဖွင့်ရွတ်) |
| ဝဂ်ဗျည်း ၂၅ လုံး | - | ဖုဋ္ဌပယတ် (ကောင်းစွာထိရွတ်) |
| ယ၊ ရ၊ လ၊ ဝ | - | ဤသံဖုဋ္ဌပယတ် (စဉ်းငယ်ထိရွတ်) |

ပါဠိဗျည်းများနှင့်ပတ်သက်၍ ရှင်းရန်ရှိပါသေးသည်။ ကဝဂ်ဗျည်းများ၏ အသံဖြစ်ရာဌာန်သည် ကဏ္ဍဌာန်၊ လည်ချောင်းအရပ် ဖြစ်သောကြောင့် ယနေ့မြန်မာ ကဝဂ်ဗျည်းသံဖြစ်ရာ အာခေါင်ပျော့ဌာန်၏ နောက်ဘက်သို့ ဆုတ်၍ ရွတ်ရမည်ကဲ့သို့ဖြစ်သည်။

**(ဆက်လက်ဖော်ပြပါမည်)**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ရွှေတောင်မြို့နယ်အတွင်း သီးထပ်စွမ်းအားဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်




ရွှေတောင် နိုဝင်ဘာ ၁၀

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက ရွှေတောင်မြို့နယ်အတွင်း သီးထပ်စွမ်းအား ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရွှေတောင်မြို့နယ် ကျွန်းတန်းကုန်းကျေးရွာ၌ တစ်ကွင်းတစ်ဆက်တည်း ဧက ၉၀ ဆောင်းမြေပဲ အထူးဇုန်သို့ သွားရောက်ခဲ့ပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးနိုင်ရေးနှင့် သီးထပ်စွမ်းအား ဖွံ့ဖြိုးတိုးတက်စေရေး ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရွှေတောင်မြို့နယ် ရွှေတောင်-ရွှေနတ်တောင် လမ်းပေါ်ရှိ မယားမာန်တံတား အရှည်ပေ ၈၀ တည်ဆောက်ရေး လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး၊ တံတားကမ်းကပ်ခုံများ ရေတိုက်စားမှုမရှိစေရေးနှင့် တံတားတည်ဆောက်ခြင်းကြောင့် ရေစီးရေလာအတွက် အဟန့်အတားမဖြစ်စေရေး စနစ်တကျ တည်ဆောက်သွားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေတောင်မြို့နယ် ကြို့ကုန်းကျေးရွာ၌ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်ဖြင့် ၂၀၂၄-၂၀၂၅ ခုနှစ် စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများပါဝင်သော စပါးမျိုးရွေးချယ်ခြင်းလုပ်ငန်း မျိုးယှဉ်ပြိုင်စမ်းသပ်ကွက် စပါးမျိုး ၁၂ မျိုး စိုက်ပျိုးထားရှိမှုကို ကွင်းဆင်းကြည့်ရှုအားပေးခဲ့ပြီး တောင်သူများအားခေါ်ယူ၍ စပါးမျိုးအလိုက် စိုက်ပျိုးနည်းစနစ်များကို ရှင်းလင်းပြသပေးရန်နှင့် ရိတ်သိမ်းချိန်ရောက်ရှိပါက စပါးမျိုးအလိုက် အထွက်တင်နှုန်း ကွာခြားချက်များကို တောင်သူများ လက်တွေ့သိမြင်နိုင်ရေး ဆောင်ရွက်သွားရန်၊ စပါးမျိုးယှဉ်ပြိုင်စမ်းသပ်ကွက်များအပြင် စိုက်နည်းစနစ်ယှဉ်ပြိုင်စမ်းသပ်ကွက်များလည်း ဖော်ထုတ်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေတောင်မြို့ မိုးလုံလေလုံအားကစားရုံ၌ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် တိုင်းဒေသကြီးကိုယ်စားပြု အမျိုးသား/အမျိုးသမီး ပိုက်ကျော်ခြင်းအားကစားနည်း စခန်းသွင်းလေ့ကျင့်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးကာ အားကစားသမားများအတွက် အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# စီးပွားရေးကိန်းဂဏန်းများကြားမှ ဓာတုပါရဂူဘွဲ့ရတစ်ဦး

## ဒေါက်တာသဇင်လွင် ဒုတိယပါမောက္ခချုပ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်

မိမိ၏ အသက်အရွယ် ၆၂ နှစ်ပြည့်ဖို့ နီးကပ်လာသဖြင့် အငြိမ်းစားယူမည့်နှစ်တွင် **“စီးပွားပညာနှစ်တစ်ရာ၊ ပြည်သူ့အကျိုး တို့သယ်ပိုး”** ခဲ့သည်မှာ ဘယ်လောက်ရှိခဲ့သလဲဟု ကိုယ့်ကိုယ်ကိုယ် ပြန်မေးခွန်းထုတ်မိပါသည်။ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသော ပညာရေးဝန်ဆောင်မှုကဏ္ဍတွင် ပညာရေးဝန်ထမ်းဘဝ၌ နှစ်ပေါင်းလေးဆယ်ပြည့်သည့်နီးပါး အလုပ်အကျွေးပြုခဲ့သော မိမိတွင် ထိုအကြောင်းအရာနှင့်ပတ်သက်၍ ဘာများပြောစရာတွေ၊ အကြံပြုစရာတွေရှိနေသလဲကိုလည်း ပြန်လည်စောကြောမိပါသည်။

ဤဆောင်းပါးသည် ထိုပြောစရာများအနက်မှ တစ်ပိုင်းတစ်စများဖြစ်ပါသည်။

ပထမဆုံး မိမိနှင့် စီးပွားရေးကိန်းဂဏန်းများကြား တိုက်ရိုက်ဆက်သွယ်ချက်ကို ပြောပြချင်မိပါ၏။ မိမိ၏ ဓာတုဗေဒပါရဂူဘွဲ့သည် ပတ်ဝန်းကျင်ဂေဟဗေဒစနစ်နှင့် အများကြီးချိတ်ဆက်နေပြီး မိမိတို့သုံးရသောအချိန်လိုက် တစ်ပြေးညီပြောင်းလဲစနစ်ဖြစ်သည့် Box–Jenkins ARIMA Model ကြောင့် Statistics စာရင်းအင်းသည် မိမိနှင့် ၁၉၉၅–၉၇ မှ ယခုအချိန်အထိ တစ်ချိန်လုံးလက်တွဲခဲ့သော အဖော်ဖြစ်ခဲ့ပါသည်။ ထို့ပြင် ရန်ကုန်တက္ကသိုလ်မှာ ချည်းပဲ ၂၈ နှစ်တာဝန်ထမ်းဆောင်ခဲ့ရာ ဂြိုဟ်တုအသုံးပြု Remote Sensing ဆိုင်ရာတွင် မိမိသည် ကိုယ့်သုတေသနလုပ်ငန်း၊ သူများအတွက် သုတေသနကြီးကြပ်လုပ်ငန်းနှစ်ခုစလုံး၌ စီးပွားရေးပညာရပ်သုံး ကိန်းဂဏန်းများက မိမိအားတွဲဖက်ထားခဲ့ပါသည်။ ထိုအခါ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုသည်ကို သုတေသနသမားဘဝကတည်းက ကိန်းဂဏန်းများမှတစ်ဆင့် အကွက်ကျကျသဘောပေါက်သလို ရှိခဲ့ပါသည်။ စီးပွားရေးပညာကို ဓနပိုင်ဆိုင်မှုအကြောင်း ရည်ညွှန်းရာမှာ အဓိကပြောဆိုသုံးနှုန်းကြသော်လည်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စအဝဝပါ အကျုံးဝင်သည်ဟု ယူဆမိပါသည်။ ငယ်စဉ်ကတည်းက မိမိ၏ခံယူချက်မှာ ဘာပဲလုပ်လုပ် သေချာစဉ်းစားပြီး စီမံခန့်ခွဲ လုပ်ဆောင်ရန်နှင့် လုပ်ဆောင်သည့်လုပ်ငန်းတိုင်းတွင် ထိပ်တန်းက ထူးချွန်အောင်မြင်ဖို့ စိတ်ဇောနှစ်ကာ ဆောင်ရွက်ခဲ့ပါသည်။ ထိုခံယူချက်ကို နောက်ခံပြုပြီး မိမိတာဝန်ထမ်းဆောင်ခဲ့ရာ တက္ကသိုလ်ကြီးနှစ်ခုအပေါ် အုပ်ချုပ်ရေးလူကြီးများက ကောင်းကင်စီးအမြင်ဖြင့် မြင်ခဲ့ပုံကိုလည်းကောင်း၊ မိမိအနေဖြင့် နိုင်ငံခြားဘာသာစကား(ရုရှား) ဆည်းပူးခဲ့ရာ တက္ကသိုလ်ကြီးတစ်ခုအပေါ် ကျောင်းသားဘက်က ကောင်းကင်မော့အမြင်ဖြင့် မြင်ခဲ့ပုံကိုလည်းကောင်း၊ ထူးချွန်အောင်မြင်ရေး၌ အဖုအထစ်များ၊ လိုအပ်ချက်၊ လစ်ဟာချက်များ ဟူသောသဘောဖြင့်သာ အပြုသဘောဆောင်ကာ ရှုမြင်ပါကြောင်းတွေးတောယူဆမိပါသည်။ မိသားစုတွင် ဖခင်မှစ၍ သားသမီးများအားလုံးသည် စီးပွားရေးကိန်းဂဏန်းများအသုံးပြု၍ လုပ်ကိုင်ဆောင်ရွက်နေချိန်၌ ကျွန်မကတော့ သင်ကြားသင်ယူပေးနေသည့် ဓာတုဗေဒဘာသာရပ်မှာပဲ ကျွမ်းကျင်တတ်မြောက်အောင်ကြိုးစားရင်းမှ ပါရဂူဘွဲ့ကို ၁၉၉၈ ခုနှစ်တွင် ရရှိခဲ့ပါသည်။ ထိုအချိန်မှစ၍ ဆက်စပ်နေမှုသည် သင်ကြားရေးကဏ္ဍမှ အုပ်ချုပ်ရေးပိုင်းတွင် ဆောင်ရွက်နေချိန်မှာတော့ တစ်ဆင့်ပြီးတစ်ဆင့် စဉ်ဆက်မပြတ်ပညာရှာဖွေနေခဲ့ပါသည်။ ထိုပညာများသည် Life Long Learner တစ်ယောက်အနေဖြင့် သင့်တော်သောအချိန်တွင် အသင့်လျော်ဆုံးလုပ်ငန်းခွင်မှာ ပြန်လည်အသုံးချနိုင်မည်ဟု မျှော်လင့်ချက်အပြည့်အဝထားပြီး ပြည်တွင်း၊ ပြည်ပ Online Diploma Course များကို တက်ရောက်ခဲ့ပါသည်။

တက်ရောက်သည့် သင်တန်းများတွင်လည်း အမြဲတမ်းအမှတ်အများဆုံး Grade–5 ရအောင်ကြိုးစားခဲ့ပါသည်။ ရန်ကုန်အဝေးသင်တက္ကသိုလ်မှ ဖွင့်လှစ်သည့် Online Diploma (Law 2014–15)၊ (Tourism 2019–20)၊ (Business 2023–24) သင်တန်းများကို အသက် ၆၂ နှစ်ပြည့်တော့မည့်အချိန်အထိ တက်ရောက်ခဲ့ပါသည်။ Post Graduate Diploma in Business (PGDB) ဘွဲ့ကို ရန်ကုန်တက္ကသိုလ်၌ မကြာခင်ကျင်းပတော့မည့် ဘွဲ့နှင်းသဘင်အခမ်းအနား၌ တက်ရောက်ရယူခွင့်ရှိလာပါသည်။ စီးပွားရေးပညာ နှစ် ၁၀၀ ပြည့် အချိန်အခါတွင် မိမိရယူထားသည့် ဘွဲ့နှင့်ပြန်လည်အသုံးချနိုင်သော နေရာကောင်းတစ်ခုကို တွေ့မြင်နိုင်မည့် အလင်းရောင်လေးသည် Life Long Learner တစ်ဦးအတွက်လျှောက်လှမ်း၊ အားသစ်တစ်ခုဖြည့်ပြီး ခွန်အားအပြည့်အဝရရှိကာ ရှေ့သို့တိုး၍ တက်လှမ်းချီလျက်ပါ။ ယခုဘွဲ့တက်ယူရတော့မည့် PGDB (3rd Batch)ကို တက်ရောက်စဉ်ကာလတွင် Semester(I) ၌ General Management, Macroeconomics Environment, Business Statistics, Legal Frame Work for Business, Management Accounting and Financial Management တို့ကို လေ့လာဆည်းပူးခဲ့ရပါသည်။ Semester(II) တွင် Marketing Management , Production and Operations Management, Human Resources Management, International Business Management, Case Study Based Project တို့ကို ကြိုးစားအားထုတ်လေ့လာခဲ့ရပါသည်။ ထိုသို့တန်ဖိုးရှိလှသော ပညာရပ်များက လူ့လောက၌ဘယ်နေရာမဆို စီးပွားရေးကိန်းဂဏန်းများဖြင့် လုပ်နေရသည့်အတွက် “စီးပွားရေးပညာနှစ်တစ်ရာ ပြည်သူ့အကျိုးတို့သယ်ပိုး” ဆိုသည့်အထဲမှာ မိမိဘယ်လောက်ထိပါဝင်နိုင်ခဲ့သည်ကို တွေးတောကြည်နူးမိနေသလို ရှေ့ဆက်ပြီးလည်း နောက်ထပ်ဘာတွေအကျိုးပြု လုပ်ကိုင်ဆောင်ရွက်နိုင်ဦးမလဲဆိုသည်ကို “နှစ်တစ်ရာ–အလွန်ကာလ” များအတွက် တွေးတောပီတိဝေဖြာရင်း ကျေးဇူးရှင်မိဘနှစ်ပါးနှင့် ဆရာသမားများအားလုံးကို အစဉ်ရှိသေလေးစားဂါရဝတရား ဦးထိပ်ပန်ဆင်လျက်ပါ။ ။

❖ **မိမိ၏ ဓာတုဗေဒပါရဂူဘွဲ့သည် ပတ်ဝန်းကျင်ဂေဟဗေဒစနစ်နှင့် အများကြီးချိတ်ဆက်နေပြီး မိမိတို့သုံးရသောအချိန်လိုက် တစ်ပြေးညီပြောင်းလဲ စနစ်ဖြစ်သည့်** Box-Jenkins ARIMA Model **ကြောင့်** Statistics **စာရင်းအင်းသည် မိမိနှင့် ၁၉၉၅-၉၇ မှ ယခုအချိန်အထိ တစ်ချိန်လုံးလက်တွဲခဲ့သော အဖော်ဖြစ်ခဲ့**

❖ **စီးပွားရေးပညာကို ဓနပိုင်ဆိုင်မှုအကြောင်း ရည်ညွှန်းရာမှာ အဓိကပြောဆိုသုံးနှုန်းကြသော်လည်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စအဝဝပါ အကျုံးဝင်သည်ဟု ယူဆမိပါသည်။ ငယ်စဉ်ကတည်းက မိမိ၏ခံယူချက်မှာ ဘာပဲလုပ်လုပ် သေချာစဉ်းစားပြီး စီမံခန့်ခွဲ လုပ်ဆောင်ရန်နှင့် လုပ်ဆောင်သည့်လုပ်ငန်းတိုင်းတွင် ထိပ်တန်းကထူးချွန်အောင်မြင်ဖို့ စိတ်ဇောနှစ်ကာဆောင်ရွက်ခဲ့**

❖ **စီးပွားရေးပညာ နှစ် ၁၀၀ ပြည့်အချိန်အခါတွင် မိမိရယူထားသည့်ဘွဲ့နှင့် ပြန်လည်အသုံးချနိုင်သော နေရာကောင်း တစ်ခုကို တွေ့မြင်နိုင်မည့် အလင်းရောင်လေးသည်** Life Long Learner **တစ်ဦးအတွက်လျှောက်လှမ်း၊ အားသစ်တစ်ခုဖြည့်ပြီး ခွန်အားအပြည့်အဝရရှိကာရှေ့သို့ တိုး၍တက်လှမ်းချီလျက်**

## ပြင်ဦးလွင်မြို့နယ် သမဝါယမအသင်း နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

**ပြင်ဦးလွင် နိုဝင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ မြို့နယ်သမဝါယမအသင်းစု လီမိတက်၏ ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက အိုအေစစ်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးတွင် ပြင်ဦးလွင်မြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးအောင်တင်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး တိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးထွန်းဇော်ဦးက အမှာစကားပြောကြားပြီး ဦးစီးအရာရှိ ဒေါ်ခင်မိုးကြည်က ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။



ထို့နောက် ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်အတွက် အမှုဆောင်အဖွဲ့၏ အစီရင်ခံစာ၊ အသင်းစာရင်းစစ်အဖွဲ့၏ အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများကို တာဝန်ရှိသူများက ရှင်းလင်းဖတ်ကြားပြီး သဘာပတိက အသင်းဝင်ကိုယ်စားလှယ်များထံမှ အတည်ပြုချက်ရယူသည်။

ဆက်လက်ပြီး တက်ရောက်လာသော အသင်းဝင်များအား အစုပေါ်အမြတ်ငွေ တစ်သင်းလျှင် ၁၀၀၀၀နှုန်းဖြင့် ငွေကျပ် ၁၆ သိန်း၊ တက်ရောက်လာသော အသင်းဝင်ကိုယ်စားလှယ် တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ငွေကျပ်သိန်း ၂၀၊ တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူ ရှစ်ဦးအား ပညာသင်စရိတ် ထောက်ပံ့ငွေကျပ် ငါးသိန်း စုစုပေါင်း ငွေကျပ် ၄၁ သိန်း ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**သွေးသွေး(ပြန်/ဆက်)**

## အင်းစိန်မြို့နယ် စာဆိုတော်နေ့အကြို စာပေဟောပြောပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် စာရေးဆရာအသင်းက ကြီးမှူး၍ စာဆိုတော်နေ့အကြို စာပေဟောပြောပွဲကို နိုဝင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဟောပြောပွဲတွင် မြို့နယ်စာရေးဆရာအသင်း နာယက ဦးရန်နောင် (ရန်နောင်–ပညာရေး)၊ ဒေါက်တာမြင့်ခိုင် (ဥဂ္ဂါညို– ဒီပဲယင်း)၊ ဆရာဦးနန္ဒကျော်စွာတို့က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးတော်မြင့် (တော်မြင့်–ငှက်ဖျား) က ပြည်သူများ ဗဟုသုတရရှိရေး၊ စာဖတ်ရှိန် မြှင့်တင်ရေးနှင့် စာဆိုတော်နေ့ အကြိုအဖြစ် စာပေဟောပြောပွဲ ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သတင်းစာဆရာအသင်းနှင့် စာပေဥယျာဉ်အသင်း ဥက္ကဋ္ဌ စာရေးဆရာ၊ သတင်းစာဆရာ ဦးဘိုကြည်(ဒေါက်တာဗိုလ်သံမဏိ–တောင်တွင်းကြီး) က ကျွန်တော့်ဘဝနှင့်စာပေအကြောင်း၊ စာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်နွဲ့မူ (ခင်နွဲ့မူ–အင်းစိန်)က သင်ကြိုက်သော အလုပ်ကိုလုပ်ပါ၊ လုပ်သောအလုပ်ကို တန်ဖိုးထားပါ ဆိုသည့် ခေါင်းစဉ်များဖြင့် စိတ်ဝင်စားဖွယ် ဟောပြောကြပြီး အလှူရှင် ဦးဖြိုးဝေနှင့် အသင်းနာယက ဦးသက်တင်(မောင်သာတင့်–မြန်အောင်)တို့က မုဒိတာစကားပြောကြား၍ အသင်းတွဲဖက်အတွင်းရေးမှူး ဦးတင်ဝင်း(ဝင်းနွယ်–ပုသိမ်)က နိဂုံးချုပ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဟောပြောကြသူများအား တာဝန်ရှိသူများက အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြင့်ဦး**

# အားကစားအသိဉာဏ် PI မှတစ်ဆင့် ကာယဉာဏ ကျန်းမာဖွံ့ဖြိုးမှုအရပ်ရပ်ဆီ

**မိုးကေနိုင်**

**အားကစားကဏ္ဍ အောင်မြင်မှုက နိုင်ငံနှင့် လူမျိုးဂုဏ်ကို မြင့်တက်စေပါသည်။ ယနေ့ တိုးတက်လာသည့်ခေတ်ကြီးတွင် အားကစားကဏ္ဍနှင့် ကျန်းမာရေး ဆက်စပ်မှုကို စဉ်းစားကြရာမှ အားကစားနည်းများစွာကို လူအများက ယခင်ထက် စိတ်ဝင်စားမှုရှိလာကြသည်၊ အလေးအနက်ထားလာကြသည်။ ယင်းသည်ပင် နိုင်ငံဖွံ့ဖြိုးတိုးတက်စေသည့် အကြောင်းတရားများစွာအနက် အခွင့်အလမ်းတစ်ခုဖြစ်နေသည်ဟု ဆိုချင်သည်။**

နိုင်ငံတစ်နိုင်ငံတွင် ကျန်းမာသန်စွမ်းသော လူ့စွမ်းအားအရင်းအမြစ်ကို ပိုင်ဆိုင်ထားမှသာ ထိုနိုင်ငံကြီး အားကောင်းလာမည်ဖြစ်သည်။ "အား" ဆိုသည့်နေရာတွင် ရုပ်ပိုင်းဆိုင်ရာအင်အားနှင့် စိတ်ပိုင်းဆိုင်ရာအင်အားကို ဆိုလိုပြီး ထိုအားနှစ်ခုက လူ့စွမ်းအား၏ အဓိကအရင်းအမြစ်ဖြစ်သည့်အတွက် တစ်ခုခုချို့ယွင်းနေရုံမျှဖြင့် တိုင်းပြည်လူ့အဖွဲ့အစည်း ဆုတ်ယုတ်သွားမည်ဖြစ်သည်ကို သတိပြုရမည်ဖြစ်သည်။



မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်း လေ့ကျင့်နေစဉ်။

### ရုပ်ပိုင်း စိတ်ပိုင်းဖွံ့ဖြိုးမှုဟူသည် ရေရှည်အတွက် စဉ်းစားရမည့်အရာ

ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု physical fitness နှင့် good mentality စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုဟူသည် ရုပ်ရော စိတ်ပါ တစ်ပြိုင်နက်တည်း ကျန်းမာနေမှ ဖြစ်နိုင်မည်၊ တစ်ခုနှင့်တစ်ခုလည်း အပြန်အလှန် အမှီသဟဲပြု၊ အထောက်အကူဖြစ်နေမှသာ ရေရှည် အားကောင်းမှုကို ပေးစွမ်းပါသည်။ ထိုအနေအထား အထိ ဖြစ်လာနိုင်ရန်က အားကစားကဏ္ဍမှလွဲ၍ အခြားရှိပါ့မလား။ ထို့ကြောင့်လည်း နိုင်ငံအနေဖြင့် ယခုလိုအခြေအနေမျိုးတွင် အမျိုးသားအဆင့် နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ နိုင်ငံတကာရေးရာ စသည်ဖြင့် ဦးစားပေးလုပ်ရမည့် ကိစ္စရပ်များစွာဖြင့်



တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲတွင် မီတာ ၁၀၀ အပြေးပြိုင်ပွဲ ကျင်းပစဉ်။

အခက်အခဲများစွာ ရှန်းကန်ရသည့် အနေအထားများကြားမှ အားကစားကဏ္ဍတွင်လည်း လစ်ဟင်းမှုမရှိ၊ မျက်ခြည်မပြတ် အာရုံစိုက် တွန်းအားပေးနေခြင်းဖြစ်မည်ဟု ယူဆပါသည်။ Hard power နှင့် Soft power ကို ဟန်ချက်ညီညီအသုံးချ၍ ရေရှည်ဘက်စုံဖွံ့ဖြိုးတိုးတက်မှုဆီ ရှေးရှုနေမှန်း သိသာနိုင်သည်။

ယခုအချိန်သည် နိုင်ငံသားများ၏ ကာယပိုင်း၊ စိတ်ဓာတ်ပိုင်းက အလွန်ကို အားနည်းချည့်နဲ့သည့် အနေအထား၊ အထူးသဖြင့် စိတ်ဓာတ်ပိုင်းက ပို၍ အားနည်းလှသည်ကို တွေ့ရသည်။ စိတ်ဓာတ်ပိုင်း အားနည်းခြင်းက အရာရာအောင်မြင်မှုနှင့် အလှမ်းဝေးသွားစေသည်။ နိုင်ငံတိုးတက်ရန်အတွက်လည်း အထောက်အကူမဖြစ်ဟု...စဉ်းစားသည့်နေရာတွင် အနာဂတ်နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် စဉ်းစားပေးခြင်းလည်းပါသည်။ အနာဂတ် မျိုးဆက် အဆက်ဆက်အတွက် ဆိုပါတော့၊ ယခုပစ္စုပ္ပန်အတွက် အရေးကြီးသလို အနာဂတ်အတွက်လည်း မစဉ်းစားလို့မရ၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးအမြင်ကိုပါ ထည့်သွင်းစဉ်းစားလိုက်လျှင် ပို၍တောင် အရေးကြီးသွားမည်ဖြစ်သည်။ ထိုသို့ စဉ်းစားပြီးမှ နိုင်ငံနှင့် နိုင်ငံသားများအတွက် ရေရှည်တည်တံ့ မြဲမြံသည့် ဘက်စုံတိုးတက်ဖွံ့ဖြိုးရန်အတွက် အားကစားကဏ္ဍသည် မရှိမဖြစ် အရေးပါသည့် Issue တစ်ခုအဖြစ် ရပ်တည်လာခြင်းဖြစ်သည်။

### အားကစားနှင့် ကျန်းမာရေး ဆက်စပ်သိမြင်နိုင်စွမ်းသည်အရေးကြီး

ထို့ကြောင့် ကျွန်တော်တို့ နိုင်ငံသားများအားလုံး အားကစားနည်း တစ်မျိုးမဟုတ်တစ်မျိုးတွင် ပါဝင်ကစားကြရန် သင့်ပါသည်။ ကစားရန်၊ ကစားနိုင်ရန် အခွင့်အလမ်းတော့ ဖန်တီးကြရမည်။ ကိုယ်ကျန်းမာရန်၊ ကိုယ့်ကိုယ်ကိုယ်လည်း ဖန်တီး၊ သူများကစားနိုင်ရန် အခွင့်အလမ်းများလည်း ဖန်တီးကြရမည်။ ဦးစွာ အားကစားကို စိတ်ဝင်စားလာရန်က ပထမဦးစားပေးဖြစ်သလို မိမိကျန်းမာရေးအတွက် သက်ရှည်ကျန်းမာပြီး ဘဝတွင်အဓိပ္ပာယ်ရှိရှိဖြင့် လူတန်းစေ့နေနိုင်ရေးအတွက် အားကစားတစ်ခုခုကို အမြဲမပြတ်လုပ်နေရန် လိုနေပါလားဟူ၍... အတွေးမှ အကျင့်ဖြစ်လာရန်၊ ကျန်းမာရေးနှင့် အားကစား ဆက်စပ်သိမြင်နိုင်စွမ်းကို မွေးမြူပေးနိုင်ရန်က ပထမဦးဆုံး ခံယူထားရမည့် ခံယူချက်ဖြစ်သည်။ သို့မှသာ အားကစားကြောင့် တစ်ဦးချင်းကျန်းမာသန်စွမ်းမှုမှ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး၊ ထိုမှတစ်ဆင့် နိုင်ငံအဆင့်အားကစားဖွံ့ဖြိုးမှု၊ ထိုမှတစ်ဆင့် နိုင်ငံတော် တိုးတက်ဖွံ့ဖြိုးမှုဆီသို့ ကျွဲကူးရေပါ လိုက်ပါသွားမည်ဖြစ်သည်။

အားကစားနည်းတစ်မျိုးမျိုးကို လူတစ်စုတစ်ဖွဲ့ကသာ စိတ်ဝင်စားပြီး ယှဉ်ပြိုင်သည်ထက် အားကစားနည်းပေါင်းစုံကို အုံလိုက်ကျင်းလိုက် လူအများပါဝင်ကစားလာကြပြီဆိုလျှင် လူတစ်ဦးချင်း ကျန်းမာရေးမှာရော နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင်ရွေးချယ်ရာအထိပါ သက်ရောက်မှုရှိသလို တော်ပြီးထက်မြက်သည့် လူတော်လူကောင်း၊ နိုင်ငံသားကောင်းများ ထွက်ပေါ်လာသည်အထိလည်း များစွာအထောက်အကူပြုပါသည်။

ထို့ကြောင့် ကစားနိုင်သမျှ အားကစားနည်းပေါင်းစုံကို အထူးသဖြင့် လူငယ်များ ကလေးဘဝ အရွယ်ကတည်းက စိတ်ဝင်စားလာအောင် ဆွဲဆောင်စည်းရုံးနိုင်စွမ်းရှိရပါမည်။ အားကစားနည်းတစ်ခုခုမှာ စိတ်ဝင်စားစရာကောင်းခြင်း၊ ပျော်စရာကောင်းခြင်းတို့က ထိုအားကစားနည်းကို တိုးတက်စေသည်ဟုဆိုရာတွင် ထိုအားကစားနည်းက ကစားသူ၏ ကိုယ်စိတ်ကျန်းမာရေးကိုပါ ကြီးမားစွာ အကျိုးကျေးဇူးပြုနေကြောင်းကို ထည့်သွင်းစဉ်းစားရန်လိုပါသည်။ တချို့က လူ့ဘဝတွင် အရေးကြီးဆုံးအဖြစ် ပိုက်ဆံ၊ ရာထူး၊ စည်းစိမ်၊ ဂုဏ်ပကာသနကို တန်ဖိုးထားကြသည်။

ထိုအရာများအပြင် ကျန်းမာကြံ့ခိုင်ခြင်းက ပိုအရေးကြီးကြောင်း အသိအမှတ်ပြုသူများ ယနေ့ခေတ်တွင် များပြားလာသည်။ ထို့ကြောင့် ကမ္ဘာ့လူသားများသည် အားကစားနည်း တစ်ခုမဟုတ်တစ်ခုကို လေ့ကျင့်ကြ၊ ကစားလာကြခြင်းဖြစ်သည်။ လူသားများ ကျန်းမာကြံ့ခိုင်ရန်၊ အားကစားလေ့ကျင့်ခန်းတွေလုပ်နိုင်ရန် မိမိမြို့ရွာ အားကစားမှသည် နိုင်ငံအဆင့်၊ ဒေသအဆင့် အိုလံပစ်ကဲ့သို့ ကမ္ဘာ့အဆင့်အထိ ပြိုင်ပွဲများစွာ ကျင်းပပေးခြင်း၊ ပါဝင်ယှဉ်ပြိုင်ခြင်းများ တိုးတက်ပြုလုပ်ကြရမည်ဖြစ်သည်။ ယနေ့ နိုင်ငံတကာပြိုင်ပွဲများတွင် ထည့်သွင်းထားသော အားကစားနည်းအမျိုးအစားအားလုံးသည် ကျန်းမာရေးကို သူ့နည်းသူ့ဟန်နှင့် အထောက်အကူပြုနေကြောင်း သိရှိထားလျှင် အလွန်ပင် အကျိုးကျေးဇူးများပြားပါသည်။

### အားကစားဖြင့် ကျန်းမာရေးလာဘ်ကိုရယူပါ

အမှန်တကယ်လည်း ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဆိုသည်ကို အားလုံးက လက်ခံပြီးဖြစ်သည်။ ကျန်းမာရေးက ဘဝတွင် အရေးကြီးလှသည်။ ကျန်းမာမှ အလုပ်လုပ်နိုင်မည်ဆိုသည်ကို အားလုံးသိသည်။ သို့သော် အားကစားနှင့် ကျန်းမာရေးဆက်စပ်မှုကို တချို့ အားကစားအလေ့အထမှလွဲ၍ စိတ်ဝင်စားသူနည်းနိုင်ပါသည်။ အားကစားသည် ကျန်းမာရေးကို ဘယ်လိုအထောက်အကူပြုနေသလဲ၊ ဘယ်အားကစားနည်းက ဘယ်လိုအကျိုးကျေးဇူးရှိသလဲဆိုသည်ကို တိတိကျကျ သိနားလည်ရန် လေ့လာနေမှသာ အဆင်ပြေမည်။

နေ့စဉ် လမ်းလျှောက်ခြင်းအလေ့အထက ကျန်းမာရေးကို လွန်စွာအထောက်အကူပြုကြောင်း သိရှိထားကြသဖြင့် လူအတော်များများ အချိန်ပေး၍ လမ်းလျှောက်ဖြစ်ကြသည်။ တချို့က အပြေးကျင့်ကြသည်။ လမ်းလျှောက်ခြင်းသာမက ဘောလုံး၊ ဘော်လီဘော၊ တင်းနစ်၊ ကြက်တောင်၊ စက်ဘီးစီး၊ ဂျူဒို၊ အလေးမ၊ တိုက်ကွမ်ဒို၊ ဝူရှူး၊ လက်ဝှေ့၊ ရိုးရာလှေ၊ ပိုက်ကျော်ခြင်း၊ ဗိုဗီနမ်ကစားနည်း၊ ဘိလိယက်၊ စနူကာ၊ ပီတန်း၊ ခရစ်ကက် စသည်ဖြင့် ပြိုင်ပွဲဝင် အားကစားနည်းအားလုံးက ကစားသူ၏ ကျန်းမာရေးကို ပုံစံမျိုးစုံဖြင့် အထောက်အကူပြုပါသည်။

စာမျက်နှာ ၁၉ သို့ ❒

> **ယခုအချိန်သည် နိုင်ငံသားများ၏ ကာယပိုင်း၊ စိတ်ဓာတ်ပိုင်းက အလွန်ကို အားနည်းချည့်နဲ့သည့် အနေအထား၊ အထူးသဖြင့် စိတ်ဓာတ်ပိုင်းက ပို၍ အားနည်းလှသည်ကို တွေ့ရသည်။ စိတ်ဓာတ်ပိုင်းအားနည်းခြင်းက အရာရာအောင်မြင်မှုနှင့် အလှမ်းဝေးသွားစေသည်။ နိုင်ငံတိုးတက်ရန်အတွက်လည်း အထောက်အကူမဖြစ်ဟု...စဉ်းစားသည့်နေရာတွင် အနာဂတ်နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် စဉ်းစားပေးခြင်းလည်းပါသည်။ အနာဂတ်မျိုးဆက် အဆက်ဆက်အတွက် ဆိုပါတော့၊ ယခုပစ္စုပ္ပန်အတွက် အရေးကြီးသလို အနာဂတ်အတွက်လည်း မစဉ်းစားလို့မရ၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးအမြင်ကိုပါ ထည့်သွင်းစဉ်းစားလိုက်လျှင် ပို၍တောင် အရေးကြီးသွားမည်ဖြစ်သည်။ ထိုသို့ စဉ်းစားပြီးမှ နိုင်ငံနှင့် နိုင်ငံသားများအတွက် ရေရှည်တည်တံ့မြဲမြံသည့် ဘက်စုံတိုးတက်ဖွံ့ဖြိုးရန်အတွက် အားကစားကဏ္ဍသည် မရှိမဖြစ် အရေးပါသည့် Issue တစ်ခုအဖြစ် ရပ်တည်လာခြင်းဖြစ်**

# မိရိုးဖလာ ရိုးရာလုပ်ငန်းတစ်ခုဖြစ်သည့် သနပ်ဖက်လုပ်ငန်း

မင်းဘူး နိုဝင်ဘာ ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်ပွန်ဒေသ တောင်ကြီး၊ ဟိုပုံး၊ ကျောက်တစ်လုံး၊ ညောင်ရွှေ ဘော်ဆိုင်း၊ ပင်းတယ စသော အရပ်ဒေသများအပြင် နန်းခုပ်ဒေသများတွင် အများဆုံးစိုက်ပျိုးကြကာ ကျောက်တစ်လုံးကြီး တစ်မြို့တည်း၌ပင် သနပ်ဖက်ဧက ၂၀၀၀ ခန့် စိုက်ပျိုးထားကြောင်း သိရသည်။

သနပ်ဖက်လုပ်ငန်းသည် ရှမ်းပြည်နယ်၏ အဓိကစီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်ပြီး တောများတောင်များကို ရှင်းလင်းပြီး သနပ်ဖက်ပင်များကို စိုက်ပျိုးကြသည်။ သနပ်ပင်တစ်ခြံလျှင် အပင်ရေ ၁၀၀ မှ ၄၀၀၀ အထိစိုက်ပျိုးကြသည်။ ရေမဝပ်သော တောင်ခါးပန်းများတွင်စိုက်ပျိုးကြပြီး ပြာသို၊ တပို့တွဲလများတွင် မြေရှင်းမီးရှို့၍ ကဆုန်လတွင် မြေဆွကာ မျိုးကြဲကြသည်။ အပင်ပေါက်ကလေးများ နှစ်တောင့်ထွာခန့်ရှိသောအခါ နုတ်၍ မူလပင်မ မြစ်ရှည်တစ်ခုသာထား၍ ဘေးသို့ဖြာထွက်နေသောအမြစ်များ ဖြတ်တောက်ပြီးလျှင် တစ်ပင်နှင့်တစ်ပင် နှစ်ပေခန့်စီခြား၍ စိုက်ပျိုးကြသည်။



သနပ်ပင်များ စိုက်ပျိုးရာတွင် မြေဩဇာထည့်ပေးခြင်း၊ မြေဆွပေးခြင်း၊ ပေါင်းမြက်များ နုတ်ပေးခြင်းတို့ ပြုလုပ်ပေးရသည်။ အပင်များအပေါ်တက်၍ အကိုင်းအခက်များ ဝေဖြာလာသောအခါ ပင်မကိုင်းကြီးနှစ်ကိုင်းသုံးကိုင်းသာချန်၍ ကျန်ကိုင်းများကို ရှင်းပေးရပြီး အရွက်များပိုးမစားစေရန် ပိုးသတ်ဆေး အကြိမ်ကြိမ် ဖျန်းပေးရသည်။ စိုက်ပျိုးပြီးသုံးနှစ်ကြာလျှင် အရွက်များစခူးရပြီး စိုက်ပျိုးသည့်မြေညံ့လျှင် လေးနှစ်ကြာမှ အရွက်များခူးရသည်။ သနပ်ပင်တစ်ပင်လျှင် အရွက်ရေ ၃၀ မှ ၄၀ အထိထွက်သည်။ သနပ်ဖက်ကို ဝါဆို၊ ဝါခေါင်၊ တော်သလင်းနှင့် သီတင်းကျွတ်လများ၌ ခူးရပြီး တစ်နှစ်လျှင် လေးကြိမ်ခူးရကြောင်း သိရသည်။

သနပ်ဖက်ကို ဦးစွာဖက်ခူး အရွက်မှောက်၍ အကြောကလေးများကို တစ်ရွက်ချင်းသင်ပေးရသည်။ အကြောသင်ပြီး ဖက်များကို မြေလုံဖိုရှည်ကြီးပေါ်၌ တင်ထားသော ဒယ်ပြားထဲထည့်၍လှော်ရသည်။ တစ်ဖိုတွင် ၁၀ ဒယ်မှ ၁၂ ဒယ်အထိရှိပြီး တစ်ဒယ်တွင် ဖက်ရွက် ၁၅ ရွက်ခန့်စီကာ အပေါ်မှ သဲထုတ်ဖိ၍ လှော်ရသည်။ လှော်ပြီးသားဖက်ရွက်များကို အကြီး၊ အသေးခွဲခြားပြီး ကျကျနနထုပ်ပိုးပြီးပါက ပွဲရုံများသို့ ရောင်းချနိုင်သည်။ တစ်ပိဿာလျှင် ဖက်ရွက်အသေး ငွေကျပ် ၈၀၀၀ နှင့် အကြီး ငွေကျပ် ၁၂၀၀၀ ရောင်းချရကြောင်း သိရသည်။ တစ်ဧကလျှင် သနပ်ဖက်ပိဿာချိန် ပျမ်းမျှ ၈၀၀ အထိ ထွက်ရှိပြီး ရှမ်းပြည်နယ်တွင် သနပ်ဖက်ဧကပေါင်း ၇၀၀၀ ကျော် စိုက်ပျိုးထားကြောင်း သိရသည်။

**ဇေယျာထက်(မင်းဘူး)**

**❄ အားကစားဆေးပညာမှ**

သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းက နိုဗိုတယ် ရန်ကုန် မက်စ်တွင် ကျင်းပရာ အာရှဘောလုံးအဖွဲ့ချုပ် အကြီးတန်း ဒုတိယဥက္ကဋ္ဌ ဦးဇော်ဇော်၊ အာရှဘောလုံးအဖွဲ့ချုပ် ဆေးဘက်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌ Dato’ Dr. Gurcharan Singh တို့က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းနည်းပြများနှင့် သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ ယင်းနောက် သင်တန်းသားတစ်ဦးက AFC အားကစားဆေးပညာ သင်တန်းမှ သင်ယူခဲ့ရသည်များနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားသည်။ AFC Football Medicine and Anti–Doping Course အားကစားဆေးပညာသင်တန်းကို အာရှဘောလုံးအဖွဲ့ချုပ် ဆေးဘက်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌ Dato’ Dr. Gurcharan Singh၊ AFC Instructors များဖြစ်သည့် MR. Trevor Law (Australia)၊ ပရော်ဖက်ဆာ ဒေါက်တာ ခင်စောဦး၊ ဒေါက်တာ ကျော်သန့်ဇင်၊ ဒေါက်တာ ယုနန္ဒာထွန်းတို့က တာဝန်ယူပို့ချပေးခဲ့ပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၄ ဦး တက်ရောက်ခဲ့သည်။ အဆိုပါ အားကစားဆေးပညာသင်တန်းကို AFC အနေဖြင့် မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ်အတွင်း ပထမအကြိမ်အဖြစ် ဖွင့်လှစ်ခဲ့ပြီး ယခုအကြိမ်သည် ဒုတိယမြောက် လာရောက်ဖွင့်လှစ်ခြင်းဖြစ်သည်။ ယင်းသင်တန်းတွင် အားကစားဆေးပညာ၊ တားမြစ်ဆေးအသိပညာ၊ အာဟာရနှင့် အရေးပေါ်ကုသရေးကဏ္ဍများ အဓိက ပို့ချခဲ့ခြင်းဖြစ်သည်။

**သတင်း – ကိုညီလေး၊ ဓာတ်ပုံ – MFF**

**◆ ကျောဖုံးမှ**

ကျင်းပိုတစ်ကျင်းဆက်လက် ယှဉ်ပြိုင်ရာ Newport LAPAROJKIT (ထိုင်း) က ချန်ပီယံဆုရရှိပြီး ကျော်သက်ဦးမှာမူ ဒုတိယဆုဖြင့် ကျေနပ်ခဲ့ရသည်။ ပြိုင်ပွဲအပြီးတွင် Newport LAPAROJKIT (ထိုင်း)က ပထမ၊ ကျော်သက်ဦး(မြန်မာ)က ဒုတိယ၊ Thanyakon KHRONGPHA (ထိုင်း)က သတ်မှတ်ရိုက်ချက် ၂၈၀ ရိုက်ပြီး တတိယဆုရရှိခဲ့သည်။ ကျော်သက်ဦးနှင့်အတူ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အောင်ဆန်းမျိုးသည် ၇၁+၇၅+၇၇+၇၉ ချက်ဖြင့် စုစုပေါင်း ၃၀၂ ချက်ဖြင့် အဆင့် ၆၂ ၌ ရပ်တည်နိုင်ခဲ့ပြီး ကစားသမားစုစုပေါင်း ၁၄၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ကျော်သက်ဦးသည် ဒုတိယဆုဆွတ်ခူးရရှိခဲ့သဖြင့် ဆုကြေးအဖြစ် ထိုင်းဘတ်ငွေ ၂၈၅၀၀၀ ဆွတ်ခူးရရှိခဲ့ပြီး မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဦးကိုကိုအေးကလည်း ထပ်ဆောင်းဂုဏ်ပြုငွေ ထပ်မံချီးမြှင့်ခဲ့သည်။ ကျော်သက်ဦးသည် All Thailand Golf Tour နှင့် Thailand PGA Tour တို့က စီစဉ်ကျင်းပလျက်ရှိသည့် ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နေသူဖြစ်သည်။

**သတင်း – ကိုညီလေး**
**ဓာတ်ပုံ – All Thailand**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

❒ စာမျက်နှာ ၁၈ မှ

ထို့ကြောင့်လည်း မိမိနှင့်သင့်လျော်ရာ ကစားနည်းတစ်မျိုး သို့မဟုတ် နှစ်မျိုးလောက်ကို ကလေးသူငယ်၊ လူငယ်ဘဝမှစ၍ စိတ်ဝင်တစား ကစားကြစေချင်သည်။ မိဘများအနေဖြင့် မိမိတို့သားသမီးများကို ငယ်စဉ်ကျောင်းသားဘဝကပင် အနည်းဆုံး အားကစားနည်းတစ်မျိုး သို့မဟုတ် နှစ်မျိုးလောက်အထိ ကစားရန်အချိန်ပေးစေချင်သည်၊ သွန်သင်ဆုံးမအားပေးသင့်သည်။ နွေရာသီကျောင်းပိတ်ရက်များသည် မိမိတို့ကလေးများ၏ ကျန်းမာရေးအတွက် အချိန်ပေးပြီး အားကစားလုပ်ကြရန် အားကစားကွင်းများဆီချီတက်ရန် အခွင့်အလမ်းကောင်းဆိုသည်ကို အမှုမဲ့အမှတ်မဲ့ မဖြစ်စေချင်ပါ။

ကွင်းမရှိ နေရာမရှိလျှင်လည်း အချို့အားကစားနည်းများကို အိမ်၌ပင် ကစားနိုင်၊ လေ့ကျင့်နိုင်ပါသည်။ ပြိုင်ပွဲဝင်ရန်မဟုတ်လျှင်တောင် မိမိကျန်းမာရေးအတွက်ဟူသည့် အသိဖြင့် အသက်ရှည်ရာ အနာမဲ့ကြောင်း လူ့သက်တမ်းရှည်နေနိုင်ရေးကို မျှော်ကိုးပြီး အချိန်တစ်ခုပေးကာ ကစားစေလိုပါသည်။ မကျန်းမာလျှင် ပညာရေးခရီးလမ်းလည်း ဖြောင့်ဖြူးမည်မဟုတ်၊ အားကစားကြောင့် မိမိတို့သားသမီးများ အရင်လို အားနည်းချည့်နဲ့၊ ကုပ်ချောင်းချောင်းမဟုတ်တော့ဘဲ ဖျတ်ဖျတ်လတ်လတ်နှင့် တက်တက်ကြွကြွ ရှိလာသည်ကို တွေ့လာရလိမ့်မည်။ အားကစားကပေးသည့် ကြံ့ခိုင်သန်စွမ်းလာမှုကြောင့်ပင်ဖြစ်သည်။

**Physical Intelligence မှသည်**

ဤနေရာတွင် ပညာရှင်များက အားကစားနှင့်ဆက်စပ်ပြီး ဉာဏ်ရည်ဉာဏ်သွေး (IQ)နှင့် စိတ်ပိုင်းဆိုင်ရာအရည်အသွေး(EQ)အပြင် Physical Quoti–ent ( PQ) ကိုပါ ထည့်သွင်းပညာပေးလာကြသည်ကို လေ့လာမိသည်။ ရုပ်ပိုင်းဆိုင်ရာအရည်အသွေးတစ်ခုဆိုပါစို့၊ တစ်နည်း Physical Intelligence (PI) အဖြစ် ဆက်စပ်ယူနိုင်သည်။ PI ရှိမှလည်း PQ ရမည်ဟုသာ မှတ်လိုက်ပါမည်။ စကားလုံးဝေါဟာရထက်



တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲတွင် ဘော်လီဘောပြိုင်ပွဲ ကျင်းပစဉ်။

အနက်လက္ခဏာအခြင်းအရာက ပိုအရေးကြီးပါသည်။

ကျန်းမာမှ အလုပ်လုပ်နိုင်မည့်အတွက် အားကစားကို စိတ်ဝင်တစား လေ့လာလိုက်စားသင့်သည်။ အားကစားသည် ရုပ်ပိုင်းဆိုင်ရာမှာပင် အထောက်အကူပြုနေသည်လား... မဟုတ်ပါ၊ စိတ်ပိုင်းဆိုင်ရာ ခံစားမှုကိုပါ ကျေးဇူးပြုသည်။ အားကစားပြိုင်ပွဲတွင် မိမိယှဉ်ပြိုင်ဘက်အပေါ် လေးစားခြင်း၊ အနိုင်ရယူလိုစိတ်ရှိခြင်း၊ စည်းကမ်းလိုက်နာနိုင်ခြင်း၊ အဖွဲ့လိုက် အားကစားနည်းများကြောင့် အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် အလုပ်လုပ်တတ်လာပြီး အပေးအယူမျှမျှတတဖြင့် ပေါင်းသင်းဆက်ဆံရေး ကောင်းလာခြင်း၊ စာနာနားလည်နိုင်ပြီး အသိအမှတ်ပြုတတ်လာခြင်း၊ အကျင့်စာရိတ္တပိုင်း ကောင်းမွန်လာခြင်း၊ အရှုံးကို လက်ခံနိုင်စွမ်းရှိခြင်း၊ အနိုင်ရလဒ်အပေါ် မမောက်မာတတ်ခြင်း၊ ပြိုင်ပွဲတွင် မိမိအားနည်းချက် အားသာချက်ကို ရှာဖွေဖော်ထုတ်ခြင်း စသည်တို့သည် အားကစားကပေးသော စိတ်ပိုင်းဆိုင်ရာ ကိုယ်ရည်ကိုယ်သွေးများပင်ဖြစ်သည်။

ဤအရည်အသွေးများသည်ပင် ယနေ့ခေတ်တွင် အထူးလိုအပ်နေသော စိတ်ပိုင်းဆိုင်ရာ သန်စွမ်းရမည့် အရည်အချင်းများဖြစ်နေသည်။ ယနေ့လူများတွင် အများဆုံးကိန်းအောင်းနေသော မကောင်းသည့်အတ္တကို စုပေါင်းအစုအဖွဲ့နှင့် အပေးအယူမျှမျှတတဖြင့် အောင်ပွဲရယူနိုင်မည့် အတ္တကင်းသောစိတ်ထားမျိုးကို အားကစားက ပေးစွမ်းနိုင်ပါသည်။ ဤအကျိုးတရားများသည် physical fitness (ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်သန်စွမ်းမှု)သာမက mental healthy (စိတ်ပိုင်းဆိုင်ရာသန်စွမ်းမှု)ကိုလည်း ဖြစ်စေပါသည်။

ဆိုလိုသည်မှာ PI သာမက Emotional Intelligence ဟု သတ်မှတ်နိုင်သည့် EI ကိုလည်း အကျိုးပြုသည်ဟု ဆိုချင်သည်။ အထက်ပါ အားကစားကြောင့် အကျိုးကျေးဇူးများအနက်မှ တစ်ခုဖြစ်သည့် အပြန်အလှန် အသိအမှတ်ပြုတတ်လာခြင်းမှတစ်ဆင့် အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုများလည်း ရရှိလာပါသည်။ ထိုအလေ့အကျင့်မျိုးက နောက်ပိုင်းတွင် သူ့ကိုးကွယ်မှု၊ သူ့ယုံကြည်မှု၊ ကိုင်းရှိုင်းမှု၊ သူ့ယဉ်ကျေးမှု၊ ကိုယ့်ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများဆိုသည်ကို မစော်ကားလေးစားတတ်လာပြီး နားလည်လက်ခံမှုအပြည့်ဖြင့် အပြန်အလှန် အသိအမှတ်ပြုတတ်လာသည့် spiritual intelligence နှင့် cultural intelligence များအထိ ရရှိလာခြင်းဖြစ်သည်။

မိမိတို့ကလေးများကို ကျောင်းတွင် စာတော်ရုံနှင့်သာ ကျေနပ်မနေပါနှင့်၊ စာပေမှာတော်ပြီး အသိဉာဏ်နှင့်လည်း ပြည့်စုံနေရန်အတွက်ဆိုလျှင် ကိုယ်ကာယပိုင်း ကျန်းကျန်းမာမာနှင့် သန်စွမ်းနေရန်၊ စိတ်ပိုင်းဆိုင်ရာတွင်လည်း ဖွံ့ဖြိုးနေရန်၊ စိတ်ရောရုပ်ပါ တစ်ခုနှင့်တစ်ခု ဆက်စပ်နေသည့် အချက်ကို လိုအပ်သလို အသုံးချသင့်သည် မဟုတ်ပါလား။ ဒါမှလည်း အားကစားမှတစ်ဆင့် ကိုယ့်ကလေးတစ်ယောက် ထက်ထက်မြက်မြက်ဖြစ်ပြီး လိမ္မာလာမည်၊ တကယ့်ကို multiple intelligence နှင့် ဘက်စုံတော်သည်၊ ဘက်စုံထူးချွန်လာပါမည်။

တစ်ဦးချင်းပဲတော်နေသည်မဟုတ်၊ မိသားစုအတွက်ရော၊ ပတ်ဝန်းကျင်အတွက်ရော နိုင်ငံအတွက်ပါ တော်လည်းတော်၊ ကောင်းလည်းကောင်းသည့် good citizenship နိုင်ငံသားပီသသူများဖြစ်လာကြမည်ဟု ယူဆမိသည်။ ရေတိုအတွက်မဟုတ်ဘဲ ရေရှည်အတွက်ကြည့်လျှင် ဤကလေးများ၊ ဤလူငယ်များက ဆန္ဒနှင့်ဘဝ တစ်ထပ်တည်းကျပြီး ဘဝတွင် ပိုပြီးလည်း အောင်မြင်ကြသည်၊ ပိုပြီးလည်း ရှင်သန်ရပ်တည်နိုင်စွမ်းရှိကြသည်ကို တွေ့ရသည်။

ထို့ကြောင့်လည်း ဤဆောင်းပါးတွင် ကစားနည်းအလိုက် ကျန်းမာရေးအပေါ် အကျိုးသက်ရောက်ပုံများကို ထပ်မံဖော်ပြပေးသွားလိုပါသည်။ ဦးစွာပထမ လူအများကြိုက်နှစ်သက်သည့် ဘောလုံးအားကစားနည်းမှ ထိုအဖွဲ့လိုက်အားကစားနည်းက ယှဉ်ပြိုင်သူများအပေါ်တွင် ဘယ်လိုကောင်းကျိုးများ ရရှိစေပါသလဲ ဆက်လက်လေ့လာကြရန်ဖြစ်ပါသည်။ ။

မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများအတွက် သင်ကြားသင်ယူမှုတွင် အကောင်းဆုံးအထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ်အခြေခံ၍ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများနှင့်ဘာသာရပ်ဆိုင်ရာ ဝါရင့် ဆရာကြီး၊ ဆရာမကြီးများ ပြုစုရေးသားကြီးကြပ်တည်းဖြတ်ထားသည့် Grade-12 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ ဘောဂဗေဒ၊ ဘာသာရပ်များကို Grade-12 (တက္ကသိုလ်ဝင်တန်း) ကျောင်းသား၊ ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် တနင်္လာနေ့တိုင်း ဖော်ပြပေးမည်ဖြစ်ပါသည်။ ကြေးမုံစာတည်းအဖွဲ့

## ဘောဂဗေဒ

ဆရာမိုး (ဘောဂဗေဒ)

၂၈ - ၁၀ - ၂၀၂၄ ရက်နေ့မှအဆက်-

### အခန်း (၂) ထုတ်လုပ်မှု သီအိုရီ

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း Grade -12 ဘောဂဗေဒဘာသာရပ် ဖြေဆိုကြရမည့် ကျောင်းသား၊ ကျောင်းသူများသည် စုစုပေါင်း မေးခွန်းပုဒ်ရေ (၅) ပုဒ် ပါရှိမည်ကို သိထားရန် လိုပါသည်။ မေးခွန်းနံပါတ် (၁) တွင် (က) (ခ) နှင့် (ဂ) ဟူ၍ သုံးပိုင်းခွဲထားပြီး တစ်ပိုင်းလျှင် (၁၀)မှတ်ဖြင့် စုစုပေါင်း အမှတ် (၃၀) ဖိုး မေးထားမှာဖြစ်သည်။

မေးခွန်း နံပါတ် (၂) တွင် ပြဋ္ဌာန်းသင်ခန်းစာ အားလုံးမှ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ဖြေဆိုရမှာဖြစ်ပြီး (၅) ပုဒ်မေး (၅) ပုဒ် ဖြေဆိုရမှာဖြစ်သည်။ စုစုပေါင်း (၁၀)မှတ်ဖိုးဖြစ်သည်။

ထို့ကြောင့် မေးခွန်း နံပါတ် (၁)ကို ပိုင်နိုင်စွာဖြေဆိုနိုင်စေရန် ပြဋ္ဌာန်းစာအုပ်ရှိ ဓမ္မဓိဋ္ဌာန်လေ့ကျင့်ခန်းများအားလုံး၊ ၂၀၂၃-၂၀၂၄ မေးခွန်းဟောင်းများအားလုံးနှင့် ပြဋ္ဌာန်းစာအုပ်မှ မေးနိုင်ခြေ အများဆုံး မေးခွန်း စုစုပေါင်း (၁၀၀၀) ကို ပြုစုဖော်ပြထားသည်။ မေးခွန်းနံပါတ် (၂) အတွက် Grade-12 ပြဋ္ဌာန်းစာအုပ်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များအားလုံးကို ကျောင်းသား၊ ကျောင်းသူများ အဆင်သင့် ကျက်မှတ်နိုင်ကြစေရန် သီးသန့်ပြုစုဖော်ပြထားသည်။

**မေးခွန်းနံပါတ် (၁) နှင့် (၂) တို့ကို ပိုင်နိုင်စွာဖြေဆိုနိုင်လျှင် အမှတ် (၄၀) ဖိုး ရမည်ဖြစ်သည်။**

ပြဋ္ဌာန်းစာအုပ်မှ အခန်းအားလုံးကို ပိုင်နိုင်ကျွမ်းကျင်မှသာ အမှတ်ပြည့်ဖြေဆိုနိုင်မည်ဖြစ်ရာ အခန်း (၁) မှ အခန်း (၈) အထိ လေ့ကျင့်မှတ်သားရန် လိုပါသည်။

**မေးခွန်းနံပါတ်(၂) အောက်ပါတို့၏ အဓိပ္ပာယ်ကို ဖော်ပြပါ မေးခွန်းအတွက် အခန်း (၂) နှင့် အခန်း (၃) ရှိ အဓိပ္ပာယ်ဖွင့်ဆိုချက်များ အားလုံး ကို တစ်စုတစ်စည်းတည်း ဖော်ပြလိုက်ပါသည်။**

၁။ **ကုန်စည်ထုတ်လုပ်ခြင်း**

ကုန်စည်ထုတ်လုပ်ခြင်းဆိုသည်မှာ သွင်းအားစုဖြစ်သော ကုန်ကြမ်းများကို အသုံးပြု၍ ထုတ်လုပ်သူအလိုရှိသော ကုန်စည်အသွင်သို့ ပြောင်းခြင်း ဖြစ်သည်။

၂။ **ထုတ်လုပ်မှုဖန်ရှင်**

ထုတ်လုပ်မှုဖန်ရှင်ဆိုသည်မှာ လုပ်ငန်းတစ်ခု၏ထုတ်ကုန် သို့မဟုတ် ကုန်ထွက်သည် ယင်းလုပ်ငန်းက အသုံးပြုသော သွင်းအားစုများအပေါ်တွင် တည်မှီနေကြောင်းကို ဖော်ပြသည့် နည်းပညာဆိုင်ရာ ဆက်စပ်မှု ဖြစ်သည်။

၃။ **ကာလတို**

ထုတ်လုပ်မှုတွင် ကာလတိုဆိုသည်မှာ လုပ်ငန်းက အသုံးပြုသော သွင်းအားစုများတွင် အနည်းဆုံးသွင်းအားစု တစ်မျိုးသည် ပုံသေဖြစ်နေပြီး ပြောင်းလဲမှု မပြုလုပ်နိုင်သည့် အချိန်ကာလ တစ်ခု ဖြစ်သည်။

၄။ **ကာလရှည်**

ထုတ်လုပ်မှုတွင် ကာလရှည်ဆိုသည်မှာ ကုန်ထုတ်အင်အားစုများ (သွင်းအားစုများ) အားလုံးကို ပြောင်းလဲနိုင်သည့် အချိန်ကာလတစ်ခု ဖြစ်သည်။

၅။ **စုစုပေါင်းထုတ်ကုန်**

စုစုပေါင်းထုတ်ကုန်ဆိုသည်မှာ လုပ်ငန်းတစ်ခုအနေဖြင့် သွင်းအားစုများကို ပေါင်းစပ်အသုံးပြုပြီး ထုတ်လုပ်ခြင်းမှ ရရှိသည့် စုစုပေါင်းကုန်ထွက်ပမာဏပင် ဖြစ်သည်။

၆။ **ပျမ်းမျှထုတ်ကုန်**

သွင်းအားစုရှင်တစ်မျိုး၏ ပျမ်းမျှထုတ်ကုန်ဆိုသည်မှာ စုစုပေါင်းထုတ်ကုန်ကိုတည်၍ ယင်းထုတ်ကုန်ပမာဏကို ထုတ်လုပ်ရန် အသုံးပြုရသော သွင်းအားစုရှင်အရေအတွက်ဖြင့် စား၍ ရသော ရလဒ် ဖြစ်သည်။

၇။ **အစွန်းထွက်ထုတ်ကုန်**

သွင်းအားစုရှင်တစ်မျိုး၏ အစွန်းထွက်ထုတ်ကုန်ဆိုသည်မှာ သွင်းအားစုရှင်တစ်ယူနစ်စီ တိုး၍သုံးတိုင်း ထပ်တိုးရရှိလာသော ထုတ်ကုန်အရေအတွက် ဖြစ်သည်။

၈။ **ပုံသေသွင်းအားစု**

ကာလတိုတွင် သွင်းအားစုများကို သုံးရာ၌ ပမာဏမပြောင်းဘဲ သုံးသောသွင်းအားစုကို ပုံသေသွင်းအားစု ဟုခေါ်သည်။

၉။ **သွင်းအားစုရှင်**

ပုံသေသွင်းအားစုနှင့်တွဲဖက်၍ ပမာဏပြောင်းလဲ အသုံးပြုသော သွင်းအားစုများကို ပြောင်းလဲနိုင်သော သွင်းအားစု (သို့မဟုတ်) သွင်းအားစုရှင်ဟု ခေါ်သည်။

၁၀။ **လျော့နည်းသွားသောပြန်ရချက်ဥပဒေသ**

လျော့နည်းသွားသောပြန်ရချက်ဥပဒေသဆိုသည်မှာ ပုံသေသွင်းအားစုများနှင့် တွဲဖက်အသုံးပြုသော သွင်းအားစုရှင်များ၏အရေအတွက်ကို တိုး၍အသုံးပြုခြင်းကြောင့် ထုတ်လုပ်မှု အဆင့်တစ်ခုသို့ ရောက်ရှိပြီးသည့်နောက်ပိုင်းတွင် စုစုပေါင်း ထုတ်ကုန် တိုးနှုန်း၊ တစ်နည်းဆိုသော် အစွန်းထွက်ထုတ်ကုန် ကျဆင်းလာခြင်း ဖြစ်သည်။

### အခန်း (၃) စရိတ်သီအိုရီ

၁။ **စုစုပေါင်းစရိတ်**

စုစုပေါင်းစရိတ်ဆိုသည်မှာ တစ်စုံတစ်ရာသော ကုန်ထွက်ကို ထုတ်လုပ်ရန် အသုံးပြုသည့် သွင်းအားစုများပေါ်တွင် သုံးစွဲရသည့် စုစုပေါင်းငွေကြေးပမာဏ ဖြစ်သည်။

၂။ **ပေါ်လွင်စရိတ်**

ပေါ်လွင်စရိတ်ဆိုသည်မှာ လုပ်ငန်းက မပိုင်ဆိုင်သော သွင်းအားစုများနှင့် ဝန်ဆောင်မှုများအတွက် အခြားသူများအား လုပ်ငန်းက ပေးချေရသည့် ငွေကြေးအားလုံးကို ဆိုလိုသည်။

၃။ **မပေါ်လွင်စရိတ်**

မပေါ်လွင်စရိတ်ဆိုသည်မှာ လုပ်ငန်းကပိုင်ဆိုင်သည့် စက် ကိရိယာ၊ အဆောက်အအုံ၊ ရင်းနှီးငွေစသည့် သွင်းအားစုများကို အသုံးပြုခြင်းအတွက် အမှန်တကယ် ငွေမပေးချေရသော်လည်း ၎င်းသွင်းအားစုများကို လုပ်ငန်းက အသုံးပြုခြင်းကြောင့် အကျိုးခံစားရသည့်အတွက် အဖိုးအခတစ်စုံတစ်ရာ ထိုက်စေသည့်တန်ဖိုး သို့မဟုတ် စရိတ်ကိုခေါ်ဆိုသည်။

၄။ **ပုံသေစရိတ်**

ပုံသေစရိတ်ဆိုသည်မှာ ပုံသေသွင်းအားစုများ အသုံးပြုသည့်အတွက် ကုန်ကျသည့်စရိတ်ဖြစ်ပြီး ကုန်ထွက်ပမာဏမည်မျှပင် ထုတ်လုပ်သော်လည်း မပြောင်းလဲသည့်စရိတ်ဖြစ်သည်။

၅။ **စရိတ်ရှင်**

စရိတ်ရှင်ဆိုသည်မှာ ပြောင်းလဲနိုင်သောသွင်းအားစုများ (သွင်းအားစုရှင်များ) အပေါ်သုံးသည့် ကုန်ကျစရိတ်ဖြစ်သောကြောင့် ကုန်ထွက်ပမာဏအလိုက် ပြောင်းလဲသည့်စရိတ်ဖြစ်သည်။ စရိတ်ရှင်ကို တစ်ခါတစ်ရံ တိုက်ရိုက်ကုန်ကျစရိတ်ဟုလည်း ခေါ်သည်။

၆။ **ပျမ်းမျှစရိတ်/ ပျမ်းမျှစုစုပေါင်းစရိတ်**

ပျမ်းမျှစရိတ် သို့မဟုတ် ပျမ်းမျှစုစုပေါင်းစရိတ်ဆိုသည်မှာ တစ်ယူနစ်ကုန်ကျစရိတ် ဖြစ်သည်။ စုစုပေါင်းစရိတ်ကို ကုန်ထွက်ဖြင့်စားလျှင် ရရှိသည်။

၇။ **ပျမ်းမျှပုံသေစရိတ်**

ပျမ်းမျှပုံသေစရိတ်ဆိုသည်မှာ စုစုပေါင်းပုံသေစရိတ်ကို ကုန်ထွက်ဖြင့် စားခြင်းဖြစ်သည်။

၈။ **ပျမ်းမျှစရိတ်ရှင်**

ပျမ်းမျှစရိတ်ရှင်ဆိုသည်မှာ စုစုပေါင်းစရိတ်ရှင်ကို ကုန်ထွက်ဖြင့် စားခြင်းဖြစ်သည်။

၉။ **အစွန်းထွက်စရိတ်**

အစွန်းထွက်စရိတ်သည် ကုန်ထွက်တစ်ယူနစ် တိုးထုတ်သည့်အတွက် စုစုပေါင်းစရိတ်တွင် တိုးလာသည့်ပမာဏဖြစ်သည်။

## မြန်မာစာ

ပါမောက္ခ ဒေါက်တာဇော်

၄ - ၁၁ - ၂၀၂၄ ရက်နေ့မှအဆက်-

### အခန်း(၁)

### စကားပြောရာတွင် ပါဝင်သော မွမ်းမံသံများ

### အသံ အနိမ့်အမြင့်သဘောတရား

**၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဒွါဒသမတန်း မြန်မာစာမေးခွန်းတွင် မေးခွန်းကြီး (၇)ပုဒ် ပါဝင်မည်ဖြစ်ပါသည်။**

မေးခွန်းနံပါတ် (၁) သည် အပြောသင်ခန်းစာ၊ အဖတ်အရွတ်သင်ခန်းစာမှ စကားပြေနှင့် ကဗျာ၊ အရေး သင်ခန်းစာဆိုင်ရာ ဓမ္မဓိဋ္ဌာန်မေးခွန်း ဖြစ်သည်။ ပုဒ်ခွဲ (၃) ခု ခွဲ၍မေးပါမည်။ **၁ (က) သည် မှား/မှန်ဖြေ၊ ၁ (ခ) သည်ကွက်လပ်ဖြည့်၊ ၁ (ဂ) သည် အဖြေမှန်ရွေးဖြစ်သည်။ ပုဒ်ခွဲတစ်ခုလျှင် မေးခွန်း (၁၀) ခုပါရှိသည်။ ပုဒ်ခွဲ (၃) ခုအတွက် စုစုပေါင်း အမှတ် ၃၀ ပေးထားသည်။**

အပြောသင်ခန်းစာ၊ အရေး သင်ခန်းစာတို့မှ လေ့ကျင့်ရန် မေးခွန်းများနှင့် အဖြေများကို ပြည့်ပြည့်စုံစုံ ဖော်ပြပေးသွားမည် ဖြစ်သည်။

**(ဂ) အောက်ပါတို့မှ အဖြေမှန်ကို ရွေးပါ။**

(၁) အသံကြိုးတုန်ခါမှု၏ ကြိမ်နှုန်းသည် အသံကြိုး၏ အလျား၊ အသံကြိုး၏ အထုအပါးနှင့် အသံကြိုး၏ တင်းအားတို့ အပေါ်တွင် ........... တည်မှီဖြစ်ပေါ်ပါသည်။
**(က) လုံးလုံးလျားလျား (ခ) များစွာ (ဂ) အနည်းငယ်**

(၂) အမျိုးသားများ၏ ...........သည် အမျိုးသမီးများ၊ ကလေးများထက် ယေဘုယျအားဖြင့် ပိုမိုနိမ့်ကျပြီး ပိုမို၍လေးနက်ကြောင်း ဖော်ထုတ်ပြထားပါသည်။
**(က) နိမ်မြင့်သံ (ခ) အသံကြိုး (ဂ) တင်းအား**

(၃) ပျမ်းမျှနိမ့်မြင့်သံ သို့မဟုတ် ပုံမှန်နိမ့်မြင့်သံမှအပ လူတိုင်းတွင် သတ်မှတ်ထားသော စိတ်တိုင်းကျ အသုံးပြုနိုင်သည့် နိမ့်မြင့်သံအဆင့်စဉ် ........... ရှိသည်။
**(က) တစ်ခုစီ (ခ) နှစ်ခုစီ (ဂ)သုံးခုစီ**

(၄) တစ်သီးပုဂ္ဂလ စကားသံ ........... သည် စကားဆက်ထဲတွင် တစ်မျိုးတစ်ဖုံပြောင်းနိုင်သည်။
**(က) အတိုအရှည် (ခ) အနိမ့်အမြင့် (ဂ)အတိုးအကျယ်**

(၅) တစ်သီးပုဂ္ဂလ စကားသံ ........... သည် စကားဆက်ထဲတွင် တစ်မျိုးတစ်ဖုံပြောင်းနိုင်သည်။
**(က) အနိမ့်အမြင့် (ခ) အတိုးအကျယ် (ဂ) အလေးအပေါ့**

(၆) ဘာသာစကားသံထုတ်လုပ်မှုတွင် .......... အဆုတ်လေအင်အား၊ ဖိနှိပ်အားများမပါဝင်ဘဲ စကားသံများ မဖြစ်နိုင်ချေ။
**(က) အားထုတ်ရွတ်ဆိုမှု (ခ)ပါးစပ် (ဂ) အသံကြိုးအင်အား**

(၇) အပြန်အလှန်ပြောနှုန်းဆိုသည်မှာ တစ်မိနစ်အတွင်းပြောသောစကားလုံးအရေအတွက် အနည်းဆုံး ........... နှင့် အများဆုံး ၁၆၀-၂၀၀ အကြားဖြစ်ပါသည်။
**(က) ၁၂၀ (ခ) ၁၁၀ (ဂ) ၁၃၀**

(၈) ရေဒီယိုအသံလွှင့်ချက်သို့မဟုတ်အင်တာနက်အသံလွှင့်ချက် အတွက်ဆိုလျှင် တစ်မိနစ်အတွင်း ပြောသောစကားလုံး အရေအတွက် ........... နှုန်းဖြင့် ရွတ်ဖတ်ပြောဆိုရပါသည်။
**(က) ၁၅၀-၁၆၀ (ခ) ၁၄၀- ၁၆၀ (ဂ) ၁၆၀- ၂၀၀**

(၉) လေလံပွဲတွင် လေလံပစ်ပေးသူ (ကြေညာသူ) သို့မဟုတ် ရုပ်မြင်သံကြား သို့မဟုတ် ရေဒီယိုမှ တိုက်ရိုက်ထုတ်လွှင့် အစီရင်ခံသူတို့ဆိုလျှင် တစ်မိနစ်အတွင်း ပြောသော စကားလုံးအရေအတွက် ........... အတွင်း ဖြစ်ရပါသည်။
**(က) ၂၅၀ မှ ၄၀၀ (ခ) ၁၆၀-၂၀၀ (ဂ) ၁၅၀-၁၆၀**

**အဖြေများ**

**၁။ (ဂ) ၁။ (က) လုံးလုံးလျားလျား ၂။ (က) နိမ်မြင့်သံ**
**၃။ (က) တစ်ခုစီ ၄။ (က)အတိုအရှည်**
**၅။ (ဂ) အလေးအပေါ့ ၆။ (က) အားထုတ်ရွတ်ဆိုမှု**
**၇။ (က) ၁၂၀ ၈။ (က) ၁၅၀-၁၆၀**
**၉။ (က) ၂၅၀ မှ ၄၀၀**

## အင်္ဂလိပ်စာ

ဆရာ ဦးဆန်း

အခြေခံပညာ အင်္ဂလိပ်စာဘာသာရပ်ကို ဖော်ပြရာတွင် စာမေးပွဲကြီး နီးလာပြီဖြစ်သည့်အတွက် "လွယ်ကူလေ့လာ အင်္ဂလိပ်စာ" Grade–4 မှ Grade–12 အထိ တန်းစဉ် လေ့ကျင့်ခန်းများအား စာမေးပွဲမေးခွန်းပုံစံနှင့်အညီ ဖော်ပြပေးမည် ဖြစ်ပါသည်။

### Grade–4 Unit –7

**I. Fill in the blanks with the correct words. The first letter is given to help you. (2 marks)**

1. Zaw Zaw likes to wear a T–shirt in the **h** .............. season.
2. I like to wear a sweater because it is **c** ...............
3. My teacher often wears a **s** .............. around her neck.
4. You have to take an umbrella if it **r** ...............
5. Thandar likes to wear **f** .............. skirts.
6. Once upon a time, there lived a **f** .............. in a village, beside a forest.
7. The farmer had a big garden that had an old **a** .............. tree and other plants, trees, and beautiful flowers.
8. When the farmer was a little boy, he spent much of his time playing with the **a** .............. tree.
9. As time passed, the apple tree became old and stopped bearing **f** ...............
10. The farmer decided to cut the tree because he thought it was **u**...............
11. The apple tree was home to several little **a**............. in the neighborhood, including squirrels and sparrows.
12. When the farmer took his axe and began chopping the tree, the little animals came **r**...............

Answer Keys

| | | |
|---|---|---|
| I. 1. hot | 2. cold | 3. scarf |
| 4. rains | 5. floral | 6. farmer |
| 7. apple | 8. apple | 9. fruits |
| 10. useless | 11. animals | 12. rushing down |

### Grade–5 Unit –7

#### Section (A) Listening

**I. Listen carefully to the teacher and match the phrases from Column A and Column B. (5 marks)**

| Column A | Column B |
|---|---|
| 1. You can go camping | (a) in the mountains |
| 2. You can go swimming | (b) in the forest |
| 3. You can go fishing | (c) in the park |
| 4. You can go hiking | (d) in the lake |
| 5. You can go sightseeing | (e) in the stream |
| 6. cafe | (f) buy petrol |
| 7. chemist's | (g) buy food |
| 8. market | (h) eat cake |
| 9. art museum | (i) see paintings |
| 10. petrol station | (j) buy medicine |

#### Section (B) Reading

**II. Fill in the blanks with suitable personal pronouns.**

| | | | | | | |
|---|---|---|---|---|---|---|
| I | You | He | She | It | We | They |

1. My sister has an interesting hobby. .............. collects stamps.
2. David and .............. went fishing last Sunday. We caught a lot of fish.
3. The students are hardworking. .............. attend their classes regularly.
4. Miss Chen is our music teacher. .............. like her very much.
5. Mr Singh is a rich man. .............. owns many houses.
6. .............. must write down your name and address on the application form.
7. I saw a diamond ring yesterday. .............. was expensive.
8. .............. have only ourselves to blame for our failure.
9. Mr Guo is a cobbler. .............. mends shoes.
10. I read the book twice because .............. was interesting.
11. Reading is a good habit. .............. widens our knowledge.
12. The gardener caught the boys. .............. were stealing mangoes.

Answer Keys

I. 1. (b) 2. (d) 3. (e) 4. (a) 5. (c)
6. (h) 7. (j) 8. (g) 9. (i) 10. (f)

II. 1. She 2. I 3. They 4. We 5. He 6. You
7. It 8. We 9. He 10. it 11. It 12. They

### Grade–6 Unit –7

**I. Supply the correct words to complete the sentences. The first letter is given to help you. (5 marks)**

1. Myanmar is a **b**.............. country.
2. Your **c**.............. is below your mouth.
3. **H**.............. is the second face of a woman.
4. **F**.............. is not allowed on the pagoda platform.
5. You can see **b**.............. of grapes on the vine (tree).
6. She is too **s**.............. to reach the top shelf.
7. Teachers love **c**.............. children.
8. We love **e**.............. questions.
9. The market area is very **n**...............
10. The electric **b**.............. is at the top of the lamp post.

Answer Keys

| | | |
|---|---|---|
| I. 1. beautiful | 2. chin | 3. hair |
| 4. Footwearing | 5. bunches | 6. short |
| 7. clever | 8. easy | 9. noisy |
| 10. blub | | |

### Grade–7 Unit –7

**I. Supply the correct word to complete each sentence. The first letter is given to help you. (10 marks)**

1. There are forty **s**.............. in our classroom.
2. English is the **s**.............. I like best.
3. Your **h** .............. is the events what you did in the past.
4. It is the Headmaster who **m**..............the school.
5. The **d**.............. airline carries the passengers to different towns in our own country.
6. We **r**.............. our lessons when the exam is near.
7. Washing, cleaning and cooking are household **c**...............
8. The crows **c**.............. noisily every evening.
9. My mother **f**.............. the pet every evening.
10. You should keep yourself **f**...............
11. Today is Sunday **y**.............. was Saturday.
12. A **d**.............. is a daily record of a person.
13. We usually **p**.............. for our examination.
14. The teacher tells us to **a**.............. the classes regularly.
15. There are twelve **m**.............. in a year.
16. **M**.............. is the first part of a day.
17. We have to **h**.............. the ones who gave up their lives for the country.
18. King Anawrhahta **r**.............. the country well and wisely.
19. The earth is the third **p**.............. in the solar system.
20. The New Year **D**.............. follow the Thingyan.

Answer Keys

| | | |
|---|---|---|
| I. 1. students | 2. subject | 3. history |
| 4. manages | 5. domestic | 6. revise |
| 7. chore | 8. caw | 9. feeds |
| 10. fit | 11. yesterday | 12. diary |
| 13. practise | 14. attend | 15. months |
| 16. Morning | 17. honour | 18. ruled |
| 19. planet | 20. Day | |

### Grade–8 Unit –7

**I. Put the words in the correct order. (10 marks)**

1. to / speak / manager / please / I'd / to / the / like / . /
2. you've / wrong / got / I / am / number / afraid / the / . /
3. you / have / message / Would / a / like / to / leave / ? /
4. with / these / You / a / wood / arrange / can / bonfire / party / piled / . /
5. in / activities / take / You / to / from / camfire / canoeing / part / can / . /
6. next / go / will / I / on / summer / think / we / trekking / . /
7. planning / go / you / camping / are / to / Where / ? /
8. at / campsite / the / We / morning / arrived / in / the / early / . /
9. to / bonfire / party / We're / sandy / going / on / beach / have / the / a / . /
10. learnt / basic / during / trip / some / We / survival / the / skills / . /

Answer Keys

1. I'd like to speak to the manager, please.
2. I'm afraid you've got the wrong number.
3. Would you like to leave a message?
4. You can arrange a bonfire party with these wood piled.
5. You can take part in activities from canoeing to campfire.
6. I think we will go trekking next summer.
7. Where are you planning to go camping?
8. We arrived at the campsite early in the morning.
9. We're going to have a bonfire party on the sandy beach.
10. We learnt some basic survival skills during the trip.

အခြေခံပညာ ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှု တစ်စုံတစ်ရာမရှိ၍ဖြစ်စေ၊ ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလို၍ဖြစ်စေ စီစဉ်သူ ဆရာဦးစိုးစံ (English for Students Supplement Editorial Group) ဖုန်း – 09 981163924 ထံ ဆက်သွယ်မေးမြန်း အကြံပြုနိုင်ပါသည်။

# (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ရိုးရာလက်ဝှေ့ပြိုင်ပွဲနှင့် ဒိုးအကပြိုင်ပွဲ ကျင်းပ

**ဘားအံ နိုဝင်ဘာ ၁၀**

ကရင်တိုင်းရင်းသားတို့၏ (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ်ပွဲတော်ကို မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ၊ ကရင်ရိုးရာဒိုးအကပြိုင်ပွဲ၊ ပျော်ပွဲရွှင်ပွဲများဖြင့် ဘားအံမြို့ သီရိကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ နိုဝင်ဘာ ၉ ရက် မွန်းလွဲပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများသည် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ အထူးစာချုပ်စိန်ခေါ်ပွဲများကို ကြည့်ရှုအားပေးခဲ့ကြသည်။




**ဂုဏ်ပြုဆုငွေများပေးအပ်**

ကရင်ပြည်နယ်နေ့အထိမ်းအမှတ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ နောက်ဆုံးနေ့ဖြစ်သည်နှင့်အညီ ကလေးပွဲ ငါးပွဲ၊ လူလတ်စိန်ခေါ်ပွဲ လေးပွဲ၊ ၁၀ သိန်း ရိုးရာအောင်လံနှင့် ၁၅ သိန်း ရိုးရာအောင်လံဗိုလ်လုပွဲများ၊ သုံးချီစာချုပ်စိန်ခေါ်ပွဲ ၁၅ ပွဲ၊ အမျိုးသမီး သုံးချီစာချုပ်စိန်ခေါ်ပွဲ သုံးပွဲ၊ ငါးချီစာချုပ်စိန်ခေါ်ပွဲ နှစ်ပွဲတို့ဖြင့် အကြိတ်အနယ်ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြရာ အနယ်နယ်အရပ်ရပ်မှ လက်ဝှေ့ဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးခဲ့ပြီး အရှေ့တောင်တိုင်းစစ်ဌာနချုပ်ဒုတိယတိုင်းမှူးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ယှဉ်ပြိုင်ထိုးသတ်ကြေးနှင့်ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့ကြသည်။

ထို့နောက် လက်ဝှေ့ပြိုင်ပွဲခေါင်ပွဲစဉ်အဖြစ် ထွန်းထွန်းမင်း(GCC)ကလပ်နှင့် သွေးသစ်ဝင်းလှိုင်(FAMILY)ကလပ် တို့ယှဉ်ပြိုင်ထိုးသတ်ကြရာ ပူးတွဲသရေရလဒ်သာထွက်ပေါ်ခဲ့သည့်အတွက် ပြည်နယ်ဝန်ကြီးချုပ်က တစ်ဦးလျှင် ယှဉ်ပြိုင်ထိုးသတ်ကြေးငွေကျပ်သိန်း ၂၅၀ စီကို ဂုဏ်ပြုချီးမြှင့်ခဲ့သည်။

ဆက်လက်၍ (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ဒိုးအကပြိုင်ပွဲ ပဉ္စမမြောက်ညယှဉ်ပြိုင်ဖျော်ဖြေမှုများကို ဘားအံမြို့ သီရိကွင်းဒိုးစင်မြင့်ထက်၌ ကျင်းပရာ ပြိုင်ပွဲဝင်ဒိုးအဖွဲ့ ၁၉ ဖွဲ့အနက်မှ အကောင်းဆုံး ၁၀ ဖွဲ့ကို ဆန်ခါတင်ရွေးချယ်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဆန်ခါတင်ရွေးချယ်ခြင်းခံရသော ဒိုးအဖွဲ့ ၁၀ ဖွဲ့၏ ဖားစည်၊ ကျွဲချို၊ အိုးစည်၊ ဘင်၊ နှဲ၊ မောင်း၊ စည်းဝါး၊ လင်းကွင်းတို့ကို တီးမှုတ်၍ ကရင်တိုင်းရင်းသားတို့၏ သံပြိုင်သီဆိုကာ မြူးကြွသွက်လက်မြိုင်ဆိုင်စွာ ကပြယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ပေါင်းတည်မြို့နယ်၌ ပလတ်စတစ်အမှိုက်ကင်းစင်ရေး အသိပညာပေး



**ပေါင်းတည် နိုဝင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ယနေ့နံနက်ပိုင်းက ပလတ်စတစ်အိတ်သုံးစွဲမှု လျှော့ချရေးနှင့် ပလတ်စတစ်အမှိုက်ကင်းစင်ရေး အသိပညာပေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဆောင်ရွက်မှု၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စွာလင်း ဦးဆောင်သောအဖွဲ့သည် ဈေးတာဝန်ခံများ၊ ဈေးအကျိုးတော်ဆောင်များနှင့်အတူ မြို့မဈေးနှင့် ရွှေတည်ဈေးရှိ ဈေးရောင်းဈေးဝယ်ပြည်သူများအား ပလတ်စတစ်အိတ် အမှိုက်များကြောင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းစေမှု၊ သဘာဝမြေဆီလွှာပျက်စီးစေမှုနှင့် စည်းကမ်းမဲ့စွန့်ပစ်မှုများကြောင့် မြစ်ချောင်းအင်းအိုင် ပင်လယ်သမုဒ္ဒရာထဲ၌ ပလတ်စတစ်အမှိုက်များ စုပုံရောက်ရှိကာ ရေနေသတ္တဝါများသေဆုံးရမှုများရှိကြောင်းတို့ကို အသိပညာပေးကာ ပလတ်စတစ်အိတ် လျှော့ချသုံးစွဲရေး၊ အမှိုက်များ စနစ်တကျစွန့်ပစ်ရေးနှင့် ပလတ်စတစ်အစားထိုး ဒေသထွက်ငှက်ပျောရွက်၊ အင်ဖက်နှင့် စက္ကူများဖြင့် ထုပ်ပိုးရောင်းချ ပေးနိုင်ရန် တစ်ဆိုင်ချင်း လိုက်လံဆော်ဩကာ ဒေသထွက်အင်ဖက်များ အခမဲ့ဝေငှပေးခဲ့ကြကြောင်း သိရသည်။

**ရွှေသား(ပြန်/ဆက်)**

## သာပေါင်းမြို့နယ်၌ ပလတ်စတစ်အိတ်သုံးစွဲမှု လျှော့နည်းစေရေး အသိပညာပေး

**သာပေါင်း နိုဝင်ဘာ ၁၀**

ဧရာဝတီတိုင်း ဒေသကြီး သာပေါင်းမြို့နယ် စည်ပင်သာယာရေးကော်မတီအဖွဲ့က ပြည်သူများ ကြွပ်ကြွပ်အိတ်၊ တစ်ခါသုံးပလတ်စတစ်အိတ်များ လျှော့နည်းသုံးစွဲစေရေးအတွက် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ပလတ်စတစ်အိတ်သုံးစွဲမှုမရှိစေရေးနှင့် အစားထိုးသုံးစွဲမှုရှိစေရေး အသိပညာပေး ကြပ်မတ်စစ်ဆေးခြင်းကို ယနေ့နံနက် ၇ နာရီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် သီရိရွှေသာဈေး အတွင်း၊ အပြင်၌ ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်စိုးနှင့်ဝန်ထမ်းများက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် သီရိရွှေသာဈေးရှိ ဈေးရောင်းချသူများအနေဖြင့် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ကြွပ်ကြွပ်အိတ်၊ ပလတ်စတစ်အိတ်အစား အင်ဖက်၊ ငှက်ပျောဖက်၊ သတင်းစာစက္ကူတို့ဖြင့် စသည့် သင့်တော်ရာအစားထိုး ထုပ်ပိုးသုံးစွဲစေရေး အတွက် ပြည်သူများအား ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေးအသိပေး ဆိုင်းဘုတ်များ စိုက်ထူခြင်း၊ လက်ကိုင်စပီကာများနှင့် ပြည်သူများ ပါဝင်ဆောင်ရွက်ပေးနိုင်ရေး အသိပညာပေးနှိုးဆော်ပြီး လိုက်လံစိစစ်ကြပ်မတ်၍ ကြွပ်ကြွပ်အိတ်၊ ပလတ်စတစ်အိတ်အသုံးပြုသူတွေ့ရှိပါက စီမံဒဏ်ကြေးငွေ ပေးဆောင်စေလျက် အရေးယူဆောင်ရွက်လျက်ရှိရာ ပြည်သူများက ပူးပေါင်းပါဝင် လိုက်နာဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ဒုတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် လေးရက်မှ ခြောက်ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တစ်ရက်မှ သုံးရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**ညအပူချိန်**

ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အထက်ပိုနိုင်ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် လေးရက်မှ ရှစ်ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တစ်ရက်မှ သုံးရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ပေမှ သုံးပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် နှစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် တစ်ပေခွဲခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ နှစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် လေးပေခန့်နှင့် မဒေါက်မြို့တွင် တစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် တစ်ပေခွဲခန့်နှင့် ပဲခူးမြို့တွင် ရှစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ပေမှ လေးပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

**မိုး/ဇလ**

# တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုတို့ တွေ့ဆုံဆွေးနွေး



တရုတ်သမ္မတ ရှီကျင့်ဖျင်က အင်ဒိုနီးရှားသမ္မတ ပရာဘိုဝို ဆူဘီရန်တိုအား ကြိုဆိုသည့်အခမ်းအနားကို တရုတ်နိုင်ငံ ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်၌ နိုဝင်ဘာ ၉ ရက်က ကျင်းပစဉ်။

ပေကျင်း နိုဝင်ဘာ ၁၀

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် တရုတ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည့် အင်ဒိုနီးရှားသမ္မတ ပရာဘိုဝို ဆူဘီရန်တိုနှင့် ပေကျင်းမြို့တော်၌ ယမန်နေ့က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ဆင်ဟွာသတင်းအရ သိရသည်။

တရုတ်နိုင်ငံသည် အင်ဒိုနီးရှားအစိုးရနှင့် နှစ်နိုင်ငံအကြား ဘုံအကျိုးစီးပွားကို ဖော်ဆောင်မည့် ကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိသည်ဟု သမ္မတရှီကျင့်ဖျင်က ပြောကြားသည်။

အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုသည် သမ္မတအဖြစ် ရာထူးတာဝန်များကို စတင်ထမ်းဆောင်ပြီးနောက် ပထမဆုံးပြည်ပခရီးစဉ်အဖြစ် တရုတ်နိုင်ငံသို့ လာရောက်ခြင်းဖြစ်သည်။

နှစ်နိုင်ငံအကြား အပြန်အလှန်အကျိုးရှိသော ပူးပေါင်းဆောင်ရွက်မှုကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဟု သမ္မတရှီက ပြောကြားသည်။

ယခုနှစ်သည် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူများချမှတ်ခဲ့သည့် နှစ် (၇၀) ပြည့်မြောက်သည့်နှစ်ဖြစ်ပြီး လာမည့်နှစ်သည် ဘန်ဒေါင်းညီလာခံကျင်းပခဲ့သည့် နှစ် (၇၀) ပြည့်မြောက်သည့်နှစ်ဖြစ်ကြောင်း သမ္မတရှီက မှတ်ချက်ပြု ပြောကြားသည်။

ထို့ပြင် အရည်အသွေးမြင့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ ဒေသတွင်းဘက်စုံစီးပွားရေးစကြံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအပါအဝင် ပူးပေါင်းဆောင်ရွက်မှုများ အကောင်အထည်ဖော်ရာတွင် အားကောင်းစေရန် ရှီက တိုက်တွန်းပြောကြားသည်။

အင်ဒိုနီးရှားသည် တရုတ်-အင်ဒိုနီးရှား နှစ်နိုင်ငံဘက်စုံမဟာဗျူဟာ ညှိနှိုင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေရန်၊ ပိုမိုနီးကပ်သော ဘက်စုံမဟာဗျူဟာမိတ်ဖက်များဖြစ်လာရန်နှင့် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ လွှမ်းမိုးမှုရှိသော အသိုက်အဝန်းကို အတူတကွ တည်ဆောက်သွားရန် မျှော်လင့်ထားကြောင်း အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုက ပြောကြားသည်။

အင်ဒိုနီးရှားသည် တရုတ်နိုင်ငံနှင့် အရည်အသွေးမြင့်ရပ်ဝန်းနှင့် ပိုးလမ်းမဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအပါအဝင် မဏ္ဍိုင်ငါးရပ် ပူးပေါင်းဆောင်ရွက်မှုမူဘောင်ကို မြှင့်တင်ရန်နှင့် အခြေခံအဆောက်အအုံ၊ စွမ်းအင်နှင့် ဓာတ်သတ္တု၊ ဆေးဝါး၊ စိုက်ပျိုးရေး၊ အိမ်ရာ၊ ပင်လယ်ရေကြောင်းဖွံ့ဖြိုးတိုးတက်ရေး၊ စားရေရိက္ခာဖူလုံရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့တွင် ဘက်စုံပူးပေါင်းဆောင်ရွက်မှုကို အားကောင်းခိုင်မာစေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆန္ဒရှိကြောင်း အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုက ထပ်လောင်းပြောကြားသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန် -စိုးသူရ**

# ကာတာနိုင်ငံက အစ္စရေးနှင့် ဟားမတ်စ်တို့အကြား အပစ်အခတ်ရပ်စဲရေးအတွက် ကြားဝင်စေ့စပ်သည့်ကြိုးပမ်းမှုများကို ရပ်တန့်တော့မည်

ဒိုဟာ နိုဝင်ဘာ ၁၀

ကာတာနိုင်ငံသည် အစ္စရေးနှင့် ဟားမတ်စ်တို့အကြား အပစ်အခတ်ရပ်စဲရေးအတွက် ကြားဝင်စေ့စပ်သည့် ကြိုးပမ်းမှုများကို ရပ်တန့်တော့မည် ဖြစ်ကြောင်း ယမန်နေ့က ထုတ်ဖော်ပြောကြားသည်။

အမေရိကန်၊ အီဂျစ်နိုင်ငံတို့နှင့်အတူ ကာတာနိုင်ငံသည် ဂါဇာကမ်းမြောင်ဒေသ၌ အပစ်အခတ်ရပ်စဲရေးနှင့် နယ်မြေအတွင်း ထိန်းသိမ်းခံထားရသော ဓားစာခံများကို လွှတ်ပေးရန် ကြိုးပမ်းလျက်ရှိသည်။ သို့သော် လက်ရှိတွင် အဆိုပါငြိမ်းချမ်းရေးဆွေးနွေးပွဲများ ရပ်တန့်လျက်ရှိသည်။

ကာတာနိုင်ငံ အနေဖြင့် အစ္စရေး-ဟားမတ်စ်တို့အကြား သဘောတူညီချက်ရရှိရန် မကြာသေးမီက ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ သို့သော် အဆိုပါကြိုးပမ်းမှုသည် ကောင်းမွန်သောရလဒ်ထွက်ပေါ်ခြင်း မရှိသည့်အတွက် စေ့စပ်ညှိနှိုင်းရေးဆိုင်ရာ ကြိုးပမ်းမှုများကို ဆိုင်းငံ့မည်ဖြစ်ကြောင်း ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။



စစ်ပွဲတွင် ပါဝင်သူအားလုံး ငြိမ်းချမ်းရေးကို လိုလားပြီး ကြားဝင်စေ့စပ်သည့်နိုင်ငံများ၏ ဆန္ဒကို အပြန်အလှန်လေးစားမှုရှိသည့်အချိန်မှသာ ငြိမ်းချမ်းရေးဆွေးနွေးမှုအတွက် ကာတာအနေဖြင့် ပြန်လည်ပါဝင်မည်ဖြစ်ကြောင်း ကာတာနိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

ကာတာနိုင်ငံ မြို့တော်ဒိုဟာ၌ ဟားမတ်စ်အဖွဲ့၏ ရုံးခန်းကို ပြောင်းရွှေ့ရန် အမေရိကန်က ကာတာနိုင်ငံကို တောင်းဆိုခဲ့ကြောင်း သမ္မတ ဂျိုးဘိုင်ဒင်အစိုးရအဖွဲ့မှ အရာရှိတစ်ဦးက နိုဝင်ဘာ ၉ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

မြို့တော် ဒိုဟာရှိ ဟားမတ်စ်အဖွဲ့ရုံး၏ အဓိကရည်မှန်းချက်မှာ ငြိမ်းချမ်းရေးသဘောတူညီမှု ရရှိရန် ပါဝင်ကြိုးပမ်းသည့် နိုင်ငံများနှင့် ဆက်သွယ်ရေးလမ်းကြောင်းတစ်ခု ရရှိရန် ဖြစ်ကြောင်း ကာတာပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အစ္စရေး-ဟားမတ်စ် ငြိမ်းချမ်းရေးဆွေးနွေးမှုဆိုင်ရာ ကြိုးပမ်းဆောင်ရွက်သည့် နိုင်ငံများမှ ကာတာနိုင်ငံ နုတ်ထွက်မည်ဆိုပါက စေ့စပ်ညှိနှိုင်းမှုများ ဆောင်ရွက်ရာတွင် ပိုမိုခက်ခဲမှုများနှင့်ရင်ဆိုင်ရဖွယ်ရှိကြောင်း စိုးရိမ်မှုများမြင့်တက်လျက်ရှိသည်။

အစ္စရေးတပ်ဖွဲ့က ဂါဇာကမ်းမြောင်ဒေသ၌ ထိုးစစ်ဆင်နွှဲမှုကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၉ ရက်တွင် အစ္စရေးတပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုကြောင့် ဂါဇာမြောက်ပိုင်းရှိ ဘိတ်လာဟီးယားမြို့နှင့် အခြားနေရာများတွင် လူ ၄၀ ကျော် သေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား-အင်န်အီတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**



# ပြီးခဲ့သည့်နှစ်ရက်အတွင်း အာဖဂန်နေရပ်စွန့်ခွာသူ ၃၂၅ ဦး အာဖဂန်နစ္စတန်နိုင်ငံသို့ ပြန်လည်ရောက်ရှိ

ကဘူး နိုဝင်ဘာ ၁၀

အာဖဂန်နစ္စတန်နိုင်ငံမှ နေရပ်စွန့်ခွာသူများအနက် ၃၂၅ ဦးသည် ပြီးခဲ့သည့်နှစ်ရက်အတွင်း အာဖဂန်နစ္စတန်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာကြောင်း ဒုက္ခသည်များနှင့် နေရပ်ပြန်ပို့ရေးဝန်ကြီးဌာနက ပြောကြားသည်။

၎င်းတို့သည် တူကီယဲနိုင်ငံမှ အာဖဂန်နစ္စတန်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါအာဖဂန်ရွှေ့ပြောင်းနေထိုင်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန် ကြိုးပမ်းလျက်ရှိကြောင်း ဒုက္ခသည်များနှင့် နေရပ်ပြန်ပို့ရေးဝန်ကြီးဌာနက ပြောကြားသည်။

ဩဂုတ်လတွင် ထုတ်ပြန်ခဲ့သည့် တရားဝင်အချက်အလက်များအရ အာဖဂန်ဒုက္ခသည် ၁ ဒသမ ၈ သန်းခန့်သည် ပြီးခဲ့သောနှစ်အတွင်း ပါကစ္စတန်နှင့် အီရန်နိုင်ငံများအပါအဝင် အခြားသောနိုင်ငံများမှ အာဖဂန်နစ္စတန်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။

အာဖဂန်အိမ်စောင့်အစိုးရက အာဖဂန်ဒုက္ခသည်များ နေရပ်ပြန်စေရန်နှင့် အမိမြေကို ပြန်လည်တည်ဆောက်ရာတွင် ပါဝင်ကူညီပေးရန် တိုက်တွန်းလျက်ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အောင်ကျော်ကျော်**

# ဂါဇာကမ်းမြောင်မြောက်ပိုင်း၌ အစ္စရေးနှင့် ဟားမတ်စ်အဖွဲ့တို့၏ အပြန်အလှန်တိုက်ခိုက်မှုကြောင့် အငတ်ဘေးနှင့် ရင်ဆိုင်နေရ

ဂါဇာစီးတီး နိုဝင်ဘာ ၁၀

ဂါဇာကမ်းမြောင်မြောက်ပိုင်း၌ အစ္စရေးနှင့် ဟားမတ်စ်အဖွဲ့တို့၏ အပြန်အလှန်တိုက်ခိုက်မှုကြောင့် ဆိုးရွားသည့်အငတ်ဘေးနှင့် ရင်ဆိုင်နေရကြောင်း ကုလသမဂ္ဂနှင့် အခြားအဖွဲ့အစည်းများက သတိပေးပြောကြားကြောင်း သိရသည်။

ထို့ပြင် ဂါဇာကမ်းမြောင်ဒေသသို့ ဝင်ရောက်လာသော စားရေရိက္ခာများလျော့နည်းလာကြောင်း ကုလသမဂ္ဂနှင့် အခြားသောကျွမ်းကျင်သူများက နိုဝင်ဘာ ၈ ရက်တွင် ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

အဆိုပါဒေသ၌ ကုန်ဈေးနှုန်းများသည် လွန်ခဲ့သည့်နှစ်ကထက် သုံးဆကျော်တက်သွားသောကြောင့် အစားအသောက်ဝင်ရောက်မှုမှာ ပိုမိုနည်းပါးလျက်ရှိသည်။

ဒေသအတွင်း ကပ်ဆိုးဘေးမှ ရှောင်ရှားနိုင်ရန် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ချက်ချင်းရရှိရန် လိုအပ်ကြောင်း ယင်းအစီရင်ခံစာတွင် ဖော်ပြသည်။

အစ္စရေးတပ်ဖွဲ့များသည် ဂါဇာမြောက်ပိုင်းကို အဓိကပစ်မှတ်ထားပြီး နိုဝင်ဘာ ၁၀ ရက်တွင် ဆက်လက်ထိုးစစ်ဆင်ခဲ့သည်။

ဂျာဘာလီယာကို အစ္စရေးက တိုက်ခိုက်ခဲ့ရာ ကလေးငယ် ၁၃ ဦးအပါအဝင် အနည်းဆုံး လူ ၃၃ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

တစ်ချိန်တည်း၌ပင် အစ္စရေးတပ်မတော်နှင့် ဟားမတ်စ်အဖွဲ့တို့ကြား တိုက်ပွဲများစတင်ဖြစ်ပွားခဲ့သည့် ရက်ပေါင်း ၄၀၀ ပြည့် အထိမ်းအမှတ်အဖြစ် အစ္စရေးနိုင်ငံ၏ အကြီးဆုံးစီးပွားရေးမြို့တော် တဲလ်အဗစ်၌ နိုဝင်ဘာ ၉ ရက်တွင် ပြည်သူများက စုဝေးမှုတစ်ခု ပြုလုပ်ခဲ့သည်။

ဟားမတ်စ်၏ ဖမ်းဆီးခံထားရသော မိသားစုဝင်များအပါအဝင် ဆန္ဒပြသူများသည် အစ္စရေးအစိုးရအား အပစ်အခတ်ရပ်စဲရေးနှင့် ဓားစာခံများလွှတ်ပေးရေး သဘောတူညီချက်ရရှိရန် တောင်းဆိုခဲ့ကြသည်။ **ကိုးကား – အင်န်အီတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်**



# ဟိုင်းကြီးကျွန်းမြို့နယ်ရှိ မြန်မာ့ပင်လယ်ပြင်အတွင်း မျောပါလျက်ရှိသည့် ကျားဖောင်လုပ်သားများအား ကူညီကယ်ဆယ်

နေပြည်တော် နိုဝင်ဘာ ၁၀

ဧရာဝတီတိုင်း ဒေသကြီး ဟိုင်းကြီးကျွန်းမြို့ မော်တင်စွန်း တောင်ဘက် ရေမိုင် ၂၅ မိုင်ခန့် အကွာရှိမြန်မာ့ပင်လယ်ပြင်အတွင်း ရေထဲမျောပါနေသည့် ကျားဖောင် သုံးဖောင်မှ ရေလုပ်သား ၁၂ ဦးကို နိုဝင်ဘာ ၉ ရက် နံနက် ၁၀ နာရီ ခွဲခန့်တွင် ငါးဖမ်းရေယာဉ်မှတွေ့ရှိ ကယ်ဆယ်ခဲ့ကြောင်း သတင်းရရှိသဖြင့် လုံခြုံရေးတာဝန် ထမ်းဆောင်နေသည့် စစ်ရေယာဉ်က သွားရောက်ကာ အဆိုပါ



ရေလုပ်သားများအား မွန်းလွဲ ၃ နာရီခန့်တွင် စစ်ရေယာဉ်ပေါ်သို့ လွှဲပြောင်းတင်ဆောင်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျားဖောင်လုပ်သား ၁၂ ဦးသည် ဖျာပုံမြစ်ဝမှ ၁၀ မိုင်ခန့်အကွာတွင် ကျားဖောင်လုပ်ငန်း လုပ်ကိုင်နေစဉ် နိုဝင်ဘာ ၆ ရက် ည ၁၀ နာရီခန့်တွင် ရာသီဥတုဆိုးရွားကာ လှိုင်းလေပြင်းထန်လာသဖြင့် ကျားဖောင်များပျက်၍ မျောပါခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ တပ်မတော်(ရေ)စစ်ရေယာဉ်မှ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသခြင်းများဆောင်ရွက်ပြီး အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ကာ ရေလုပ်သားများအား သက်ဆိုင်ရာသို့ စနစ်တကျ လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်းများ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၁၀

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း တစ်မျိုး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၀၆၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်းလေးမျိုး၊ လုပ်ငန်းသုံး ပစ္စည်းတစ်မျိုး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၈၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၁၀ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၂ ဒသမ ၀၇၉ တန် (ခန့်မှန်းတန်ဖိုးငွေ ၁၈၃၀၀၄၈ ကျပ်)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ် နိုဝင်ဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲသုံးမှု (ခန့်မှန်းတန်ဖိုးငွေ ၁၀၅၅၄၈၀၄၈ ကျပ်)ကို သိမ်းဆည်းရမိခဲ့သည်။ ယနေ့ဖမ်းဆီးရမိမှုများတွင် လူသုံးကုန်ပစ္စည်းများ ပြည်ပမှ တရားမဝင်တင်သွင်းလာမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ တရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၁၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၂၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "ငါးမင်းဆွေ" Facebook အကောင့် ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဖက္ကလိပ်ကျေးရွာနေ ငါးမင်းဆွေ(ခ)ဦးမင်းဆွေအား နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် လှိုင်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့်(သို့မဟုတ်)မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်း တည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၁-၁၁-၂၀၂၄ တနင်္လာနေ့

**MRTV HD**

၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(ရတနသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၄၀ သဘာဝဂေဟရတနာ 'ဒါကာဘိုရာဇီ အမျိုးသားဥယျာဉ်'
၀၉:၃၅ တန်ဖိုးမြင့်မားမြန်မာ့ကော်ဖီစိုက်ကြပါစို့လား
၁၀:၃၅ ပန်းဆယ်မျိုးထဲမှမြန်မာ့လက်မှု ပန်းပုပညာအလင်္ကာ
၁၁:၂၅ ဘဝနှင့်အနုပညာ 'ချိုသံသာတေးအလှဝေဖြာ' (အပိုင်း-၂) 'တေးသံရှင် - စည်သူထား'
၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်သူအနားက ချစ်လိပ်ပြာ' (အပိုင်း-၂၅)
၁၃:၃၀ MRTV National News
၁၅:၀၀ မျိုးဗုဏ်တင့်စေ ဆိုကရေးတီးအမွေ
၁၅:၂၀ ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာ
၁၆:၄၅ ချစ်စရာအရွယ် ကစားကြမယ်
၁၇:၁၀ သတင်းသမားပြောတဲ့သတင်းစကား
၁၇:၃၅ This Week's Special Interest
၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
၁၈:၄၅ တန်ဆောင်တိုင်တေးများ
၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'သုတောင်းပြည့်ကြယ်တာရာစေတလာ' (အပိုင်း-၁၀)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၁၀ ပြည်ချစ်သားမွန်တေးသဝဏ်
၂၁:၂၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၂၁:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ယုံကြည်ရာလမ်း' (အပိုင်း-၂၃)
၂၂:၂၀ ရုပ်မြင်သံကြားဇာတ်လမ်း

**mitv**

07:01 Evergreen Classic: Myitta Phyan Mha Lenn Senn Mal (Thida Theint)
07:09 Tahbuhla Dam & Oakkan Chaungtha
07:21 Thatbyinnyu Temple
07:36 Memorable Hainan Island
08:01 News
08:26 Asia Updates: How Edible Insects Could Save the World
08:41 A Traditional Food in Bagan: Pone Ye Gyi
09:01 Myanmar Music Icon: Myanmar Legendary Singer Sithu Tin Tin Mya
09:20 Wushu Kids & Their Limit (Ep-1)
09:33 Dances of Myanmar: Tai Khun or Gon Traditional Dance
09:37 Underwater Photographer
10:01 News
10:26 Topical Topics: Kyauk Pha Yone Thee or Wax Gourd
10:39 Listening Pleasure, Instrumental Music (Don Min) Special Show

**MRTV NRC**

ဝ (၀၆:၀၀ မှ ၀၈:၀၀)
သေတ္တာပြုလုပ်ပုံအဆင့်ဆင့်
ကချင် (၀၈:၀၀ မှ ၁၀:၀၀)
လော်ဝေါ်ရိုးရာဝတ်စားဆင်ယင်ပုံအဆင့်ဆင့်
ကယား (၁၀:၀၀ မှ ၁၂:၀၀)
ကော်ယော်မိုနဒေသသို့
စကောကရင် (၁၂:၀၀ မှ ၁၃:၀၀)
ဒါးအယ်ဖိုးနှင့်တွေ့ဆုံခြင်း
အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)
ထီလာပုဂံ
အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)
စဥ့်အိုးဖိုရွာကလေးရဲ့အိုးလုပ်ငန်း
ချင်း (လိုင်ဇိုး) (၁၅:၀၀ မှ ၁၆:၀၀)
ထိန်းသိမ်းစို့လေ ဘိုးဘွားအမွေ
ချင်း (ချိုး) (၁၆:၀၀ မှ ၁၇:၀၀)
သင်မယ်၊ ရေးမယ်တို့ တို့ချင်းစာ (အပိုင်း-၃၄)
မွန် (၁၇:၀၀ မှ ၁၉:၀၀)
အသည်းကျန်းမာရေးအကြောင်းသိကောင်းစရာ
ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)
မွန်ရိုးရာထိမ်းမြားမင်္ဂလာ
ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)
ပြုံးပဒေသာ(မဂ်ဂီစန္ဒာနှင့်ပုလဲစိန်)

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
၁၁:၃၅ Sports Diary
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၁၅ Weekly Selected News
၂၁:၄၅ သတင်းသမားပြောတဲ့သတင်းစကား

**MRTV PARLIAMENT**

၁၇:၀၅ အဖွင့်၊ အလံ
၁၇:၀၅ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ကိုရီးယားနိုင်ငံ'
၁၇:၀၅ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'သူတစ်ပါးအငယင်ဆောင်ခြင်း'
၁၇:၀၅ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ဝင်ကာပူနိုင်ငံ'
၁၇:၀၅ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ထိုင်းနိုင်ငံ'
၁၇:၀၅ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၄၈)

**MRTV FARMERS' Channel**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၁၅ နိုင်ငံ့စီးပွားတိုးတက်ဖို့ MSME လုပ်ငန်းများအားပေးစို့
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၂၀ Tips & Tricks
၁၈:၃၅ How Texas Farmers Use 127 Million Acres Of Farmland American Farming Documentary
၁၉:၄၅ International Music Hits
၂၂:၀၀ Kikujiro

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၅ Sports Diary
၀၇:၄၀ Wekly Sports Info
၁၇:၀၀ အားကစားသတင်း
၁၈:၀၀ မြန်မာနေရှင်နယ်လိဂ်ဘောလုံးပြိုင်ပွဲ (Replay)

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# မန်စီးတီးအသင်းနည်းပြဘဝ ပထမဆုံးအကြိမ် လေးပွဲဆက် ရှုံးပွဲကြုံခဲ့ရပြီဖြစ်တဲ့ ဂွါဒီယိုလာ

ဘရိုက်တန်အသင်းနဲ့ မန်စီးတီးအသင်းတို့ နိုဝင်ဘာ ၉ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်(၁၀)မှာ ဘရိုက်တန်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် နည်းပြဂွါဒီယိုလာဟာ မန်စီးတီးအသင်းနည်းပြဘဝ ပထမဆုံးအကြိမ် လေးပွဲဆက်ရှုံးပွဲနဲ့ ကြုံတွေ့ခဲ့ရပြီ ဖြစ်ပါတယ်။



ဘရိုက်တန်အသင်းနဲ့ မန်စီးတီးအသင်းတို့ပွဲစဉ်မှာ မန်စီးတီးအသင်းဟာ ပထမပိုင်းပွဲကစားချိန် ၂၃ မိနစ်မှာ ရရှိခဲ့တဲ့ တိုက်စစ်မှူး ဟာလန်းရဲ့သွင်းဂိုးနဲ့ ဦးဆောင်ဂိုး စတင်ရရှိခဲ့တာဖြစ်ပါတယ်။ ဟာလန်းအနေနဲ့ ယခုဘောလုံးရာသီ ပရီမီယာလိဂ်သွင်းဂိုး ၁၂ ဂိုးအထိ သွင်းယူထားနိုင်ခဲ့ပေမယ့် ဒုတိယပိုင်းပွဲကစားချိန် ၇၈ မိနစ်မှာ ပက်ဒရို၊ ၈၃ မိနစ်မှာ အိုရီလေးတို့ရဲ့သွင်းဂိုးတွေ ခွင့်ပြုပေးခဲ့ရတာကြောင့် မန်စီးတီးအသင်းအနေနဲ့ ဘရိုက်တန်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ရတာလည်း ဖြစ်ပါတယ်။

အခုလို ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းဟာ နည်းပြဂွါဒီယိုလာအတွက် မန်စီးတီးအသင်းကို စတင်တာဝန်ယူကိုင်တွယ်ခဲ့ချိန်နောက်ပိုင်း ပထမဆုံးအကြိမ် လေးပွဲဆက်ရှုံးပွဲကြုံတွေ့ခဲ့ရတာဖြစ်ပြီး မန်စီးတီးအသင်းအတွက်လည်း ၂၀၀၆ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်လေးပွဲဆက် ရှုံးပွဲကြုံတွေ့ခဲ့ရပြီလည်း ဖြစ်ပါတယ်။ နည်းပြဂွါဒီယိုလာဟာ နည်းပြဘဝ ၁၇ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ် လေးပွဲဆက်ရှုံးပွဲကြုံတွေ့ခဲ့ရတာဖြစ်ပြီး မန်စီးတီးအသင်းအတွက်တော့ နည်းပြပီယာစီနောက်ပိုင်း ၁၈ နှစ်တာကာလအတွင်းမှာ ပထမဆုံးအကြိမ် လေးပွဲဆက်ရှုံးပွဲကြုံတွေ့ခဲ့ရတာ ဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ တိုက်စစ်မှူး ဟာလန်းကို အထောင်တိုက်စစ်အဖြစ် အသုံးပြုပြီး ၄-၁-၄-၁ ပုံစံနဲ့ ပွဲထွက်လာခဲ့ပေမယ့် ဘရိုက်တန်အသင်းရဲ့ ၄-၄-၂ ကစားကွက်ကို ကျော်ဖြတ်နိုင်ခဲ့ခြင်းမရှိခဲ့တာ ဖြစ်ပါတယ်။

မန်စီးတီးအသင်း အနေနဲ့ အောက်တိုဘာ ၃၁ ရက်က ကာရာဘောင်ဖလားစတုတ္ထအဆင့်ပွဲစဉ်မှာ စပါးအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ နိုဝင်ဘာ ၃ ရက်က ပရီမီယာလိဂ်ပွဲစဉ်မှာ ဘုန်းမောက်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ နိုဝင်ဘာ ၆ ရက်က ချန်ပီယံလိဂ်ပွဲစဉ်မှာ စပို့တင်းစီပီအသင်းကို လေးဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ နိုဝင်ဘာ ၂၃ ရက်မှာ အိမ်ကွင်းအီတီဟက်ဒ်၌ စပါးအသင်းကို ဧည့်ခံကစားရမှာဖြစ်တဲ့အတွက် အဲဒီပွဲစဉ်မှာ ကာရာဘောင်ဖလားရှုံးကြွေးကို ပြန်ဆပ်နိုင်ဖို့ ပြင်ဆင်နေတာဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ ခရစ္စမတ်ကာလမတိုင်မီ စပါးအသင်း၊ လီဗာပူးအသင်း၊ နော့တင်ဟမ်ဖောရက်စ်အသင်း၊ ခရစ္စတယ်ပဲလေ့စ်အသင်း၊ မန်ယူအသင်း၊ အက်စ်တွန်ဗီလာအသင်းတို့နဲ့ ယှဉ်ပြိုင်ကစားရဖို့ရှိနေတာ ဖြစ်ပါတယ်။

လက်ရှိအချိန်မှာ မန်စီးတီးအသင်းအနေနဲ့ ဘရိုက်တန်အသင်းကို ရှုံးပွဲကြုံတွေ့ခဲ့ရတာကြောင့် အမှတ်ပေးဇယားထိပ်ဆုံးက လီဗာပူးအသင်းနဲ့ ငါးမှတ်အထိ ကွာဟသွားခဲ့ပြီလည်း ဖြစ်ပါတယ်။

# အက်စ်တွန်ဗီလာအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရပြီး အမှတ်ပေးဇယားထိပ်ဆုံး၌ လီဗာပူးအသင်း ဆက်လက်ရပ်တည်

လီဗာပူးအသင်းဟာ ပရီမီယာလိဂ်ပွဲစဉ်(၁၁)အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ အက်စ်တွန်ဗီလာအသင်းနဲ့ ပွဲစဉ်မှာ နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ် အမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ရပ်တည် ခွင့်ရရှိခဲ့ပါတယ်။



လီဗာပူးအသင်းနဲ့ အက်စ်တွန်ဗီလာအသင်းတို့ပွဲစဉ်မှာ လီဗာပူးအသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် မိနစ် ၂၀ မှာ ဒါဝင်နူနက်ဇ်က တစ်ဂိုး၊ ၈၄ မိနစ်မှာ မိုဟာမက်ဆာလာက တစ်ဂိုး သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

ဒါဝင်နူနက်ဇ်ဟာ အခုပွဲစဉ်မှာ သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့တာကြောင့် ယခုဘောလုံးရာသီ ပရီမီယာလိဂ်ပြိုင်ပွဲမှာ သွင်းယူခဲ့တဲ့ ဒုတိယမြောက်သွင်းဂိုးဖြစ်ပြီး မိုဟာမက်ဆာလာကတော့ အခုပွဲစဉ်မှာ သွင်းဂိုး တစ်ဂိုးနဲ့ ဂိုးဖန်တီးမှု တစ်ကြိမ်တို့ကို ပြုလုပ်ပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ အက်စ်တွန်ဗီလာအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ် ၁၁ ပွဲမှာ ကိုးပွဲအထိ နိုင်ပွဲရရှိခဲ့မှုနဲ့အတူ ရမှတ် ၂၈ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၁)နေရာမှာ ရပ်တည်နိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

အက်စ်တွန်ဗီလာအသင်းကတော့ လီဗာပူးအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ် ၁၁ ပွဲယှဉ်ပြိုင်ကစားပြီးချိန်မှာ ငါးပွဲနိုင်၊ သုံးပွဲသရေ၊ သုံးပွဲရှုံး ရမှတ် ၁၈ မှတ်နဲ့ အမှတ်ပေးဇယား အဆင့်(၈)နေရာမှာ ရပ်တည်နေတာလည်းဖြစ်ပါတယ်။

# အိမ်ကွင်းအိုးထရက်ဖို့ဒ်၌ လက်စတာစီးတီးကို မန်ယူအသင်း သုံးဂိုးပြတ်အနိုင်ရ

နိုဝင်ဘာ ၁၀ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ မန်ယူအသင်းနဲ့ လက်စတာစီးတီးအသင်းတို့ရဲ့ ပရီမီယာလိဂ်ပွဲစဉ်(၁၁)မှာ မန်ယူအသင်းက အိမ်ကွင်းအိုးထရက်ဖို့ဒ်မှာ လက်စတာစီးတီးအသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ မန်ယူအသင်းဟာ ပထမပိုင်းပွဲကစားချိန် ၁၇ မိနစ်မှာ ဘရူနိုဖာနန်ဒက်စ်က တစ်ဂိုး၊ ၃၈ မိနစ်မှာ ခရစ္စတီယန်ဆန်ရဲ့ ကိုယ့်ဂိုးကိုယ်သွင်းမိသလိုဖြစ်ခဲ့တဲ့သွင်းဂိုးနဲ့ ၈၂ မိနစ်မှာ ဂါနာချိုရဲ့သွင်းဂိုးတွေရရှိခဲ့လို့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။



အခုပွဲစဉ်မှာ မန်ယူအသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်ဟာ မန်ယူအသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၂၅၀ ရှိလာခဲ့ပြီလည်း ဖြစ်ပါတယ်။

မန်ယူအသင်းဟာ လက်စတာစီးတီးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်အမှတ်ပေးဇယား အဆင့်(၁၃)နေရာကို တက်လှမ်းခွင့်ရရှိခဲ့ပြီး လက်စတာစီးတီးအသင်းကတော့ မန်ယူအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ရမှတ် ၁၀ မှတ်နဲ့ အမှတ်ပေးဇယား အဆင့်(၁၅)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

နိုဝင်ဘာ ၁၀ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အခြားသော ပရီမီယာလိဂ်ပွဲစဉ်တွေမှာတော့ နယူးကာဆယ်အသင်းက နော့တင်ဟမ်ဖောရက်စ်အသင်းကို သုံးဂိုး-တစ်ဂိုး၊ အစ်ဆွစ်အသင်းက စပါးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

## ဘောလုံးလောက သတင်းတိုများ

- မန်ယူနည်းပြ ရူဘင်အမော်ရင်ဟာ ဇန်နဝါရီ အပြောင်းအရွှေ့ကာလအတွင်းမှာ ဂျူဗင်တပ်အသင်းမှ ဘရာဇီးနောက်တန်းကစားသမား ဒါနီလိုအား ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိပြီး မန်ယူအသင်းအတွက် ပထမဆုံးစာချုပ်ချုပ်ဆိုခေါ်ယူမယ့်ကစားသမားဖြစ်လာဖို့လည်း ရှိနေပါတယ်။
- အာဆင်နယ်အသင်းဟာ စပို့တင်းနောက်တန်းကစားသမား အော်စမာနီဒီယိုမန်ဒီအား ခေါ်ယူရန် ချိတ်ဆက်လျက်ရှိပြီး ချယ်လ်ဆီးအသင်းနဲ့ ဘိုင်ယန်မြူးနစ်အသင်းတို့ကလည်း အိုင်ဗရီကို့စ်ကြယ်ပွင့် အော်စမာနီဒီယိုမန်ဒီကို ခေါ်ယူဖို့ စိတ်ဝင်စားလျက်ရှိတယ်လို့ သိရပါတယ်။
- စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းဟာ နောက်တန်းကစားသမားဟောင်းတစ်ဦးဖြစ်တဲ့ ဆာဂျီယိုရာမို့စ်ကို ပြန်လည်ခေါ်ယူဖို့ ပြင်ဆင်လျက်ရှိတယ်လို့ သိရပါတယ်။
- လီဗာပူးအသင်းဟာ ဖရန့်ဖက်အသင်းမှ အီဂျစ်တိုက်စစ်မှူး အိုမာမာမောက်ရှ်အား ပြောင်းရွှေ့ကြေးပေါင် ၅၈ သန်းဖြင့် ခေါ်ယူရန် ပြင်ဆင်လျက်ရှိတယ်လို့ သိရပါတယ်။
- မန်စီးတီးအသင်းဟာ ကွင်းလယ်ပိုင်းအားဖြည့်ရန်အတွက် ရီးယဲလ်ဆိုစီဒက်အသင်းမှ စပိန်ကွင်းလယ်ကစားသမား မာတင်ဇူဘီမန်ဒီအား ခေါ်ယူရန် မျှော်လင့်လျက်ရှိပြီး အဆိုပါကစားသမားကို လီဗာပူးအသင်းကလည်း ခေါ်ယူဖို့ စိတ်ဝင်စားလျက်ရှိတယ်လို့ သိရပါတယ်။
- ရိုးမားအသင်းဟာ လက်ရှိနည်းပြ အီဗန်ဂျူရစ်လက်ထက်မှာ အသင်းရဲ့ ရလဒ်ပိုင်းဆိုးရွားမှုတွေဖြစ်ပေါ်နေတာကြောင့် အီတလီနိုင်ငံလက်ရွေးစင်အသင်းနဲ့ မန်စီးတီးအသင်းတို့ရဲ့ နည်းပြဟောင်း မန်စီနီကို ခေါ်ယူဖို့ ချိတ်ဆက်မှုတွေပြုလုပ်လျက်ရှိတယ်လို့ သိရပါတယ်။
- အက်စ်တွန်ဗီလာအသင်းဟာ ရီးယဲလ်ဘက်တစ်အသင်းမှ အမေရိကန်ကွင်းလယ်ကစားသမား ကာဒိုဆိုနဲ့ စပိန်နောက်တန်းကစားသမား အယ်လ်လော်ရန်တီတို့ကို ခေါ်ယူရန် စပါးအသင်းနဲ့ အပြိုင်ကြိုးပမ်းလျက်ရှိတယ်လို့ သိရပါတယ်။
- စပါးအသင်း၊ ဝက်စ်ဟမ်းအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ဟာ ဂျန့်အသင်း နောက်တန်းကစားသမား အာချီဘရောင်းကို စာချုပ်ချုပ်ဆိုခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိတယ်လို့ သိရပါတယ်။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။




(၈-၁၁-၂၀၂၄ ရက်နေ့မှအဆက်)

ခင်လေးနှင့်သူ တွေ့ခဲ့ရသည်။

အခြေအနေက သိပ်မကောင်း။ ခင်လေးအခြေအနေနှင့်ပတ်သက်၍ ကိုကိုလတ်က သူ့မကျေနပ်ချက်များအားလုံးကို ခင်လေးမိဘများအား ဖွင့်ပြောသည်။

သည်မှာ ပြဿနာအစပြုသည်။

ညနေက ပေါ်ဦးပြန်လာတော့ ဒီကောင့်အမူအရာက သိသာနေသည်။ ပြဿနာတစ်ရပ်ကို စိတ်မသက်မသာ ဆောင်ကြဉ်းလာရမှန်း မြင်တာနှင့်သိ၏။

သူ့ပုံစံက အရေးတကြီး ဆောင်ရွက်စရာကိစ္စတစ်ခုပါလာသလို အလောသုံးဆယ်လည်းဖြစ်နေရာ ဝရန်တာလက်ရန်းကို လက်ထောက်၍ရပ်နေသော ကျွန်တော်သည် သူ့အမူအရာကြောင့် သူ့အပြောကိုပင် မစောင့်နိုင်တော့။

"ဘယ်လိုလဲ ပေါ်ဦး"

ပေါ်ဦးက ချက်ချင်းပြန်မဖြေ။ အခန်းထဲသို့ လက်ဖြင့် ညွှန်ရင်း–

"လာ ဟေ့ကောင်၊ အခန်းထဲကျမှ ငါသေချာပြောပြမယ်။ ပြဿနာက သိပ်မကောင်းတော့ဘူး ဖြစ်နေပြီ"

ကျွန်တော့်ရင်ထဲ ထိတ်ခနဲဖြစ်သွားပြီး သူ့နောက်က ကပ်လိုက်သည်။ ခုတင်ပေါ် ထိုင်မိသောအခါ–

"ဇာတ်က ရှုပ်ပြီ ထွန်းဝေ။ ကိုကိုလတ်ဆိုတဲ့ကောင်ရှုပ်လိုက်တာ။ ဒီလောက် စောစောမဖြစ်သင့်တာတွေ ဖြစ်ကုန်ပြီ"

သူ့စကားများကြားရလေ ကျွန်တော် ရင်ဖိုလေဖြစ်လာ၏။ ထို့ကြောင့် ဘာမှဝင်မမေးမိရန်၊ သူ့စကားစ မပြတ်သွားရန် စိတ်ကိုထိန်းထားလိုက်သည်။

"အမှန်က ကိုကိုလတ်နဲ့ ခင်လေးကို မိဘချင်း သဘောတူထားတယ်ဆိုတာ ဟုတ်တယ်။ ဒါပေမဲ့ ခုလောလောဆယ် ပေးစားဖို့မဟုတ်ဘူး။ ငါသိထားတဲ့ကိစ္စကလည်း ဒီအတိုင်းပဲ။ ဒါကြောင့် အစကတည်းက ပြဿနာရှိမယ်ရှိမယ်နဲ့ တတွတ်တွတ်ပြောခဲ့တာပေါ့။ ဒါပေမဲ့ အခုအတောအတွင်း ဒီလောက်မြန်မြန်ဆန်ဆန် ဖြစ်လိမ့်မယ်လို့ မထင်ဘူး။ ဒီကောင်ကြီး လုပ်လိုက်တာနဲ့ ပြဿနာက ဆိုးကုန်ပြီ"

မျက်လုံးပြူးသွားသည်။ ပြောသည့်ပြဿနာသည် မည်သည့်အတိုင်းအတာအထိ ဆိုးနေကြောင်း သိချင်သည်။ သူကလည်း မရပ်မနား ဆက်ပြောပါသည်။

"မနေ့က ကိုကိုလတ် ဒီကနေ ဒေါပွပြန်သွားပြီး ဝင်ဒါမီယာအိမ် တန်းသွားတယ်။ ခင်လေး အဖေရော အမေပါရှိနေတော့ ကိုကိုလတ်က ခင်လေး ဒီလိုဒီလိုဖြစ်နေတဲ့အကြောင်း၊ တစ်ခါ ဘုရားပေါ်မှာတွေ့ခဲ့တဲ့ အကောင်တစ်ကောင်နဲ့ တွဲနေကြောင်း တိုင်တယ်။ သူဝင်တားတာလည်း တားလို့မရကြောင်း ပြောတယ်"

ရုပ်က ယောကျ်ားပီသသလောက် မိန်းမဆန်သော ကိုကိုလတ်ဆိုသည့်သူကို စိတ်ထဲက ချဉ်သွား၏။

ဒီတော့ အဘိုးကြီး၊ အဘွားကြီးတွေလည်း ရှူးရှူးရှဲရှဲ ဖြစ်ကုန်တာပေ့ါ။ ဘာဖြစ်တယ် ညာဖြစ်တယ်နဲ့ သမီးတော်လှ ယောက်မြင်းစီးထွက်တယ် ဘာညာပေ့ါကွာ။ ဒါလည်းမြင်ရော ငနဲက အခြေအနေကောင်းပြီဆိုပြီး ဝင်တွန်းတော့တာပေါ့။ ကျွန်တော်ပြောသားပဲ၊ ခင်လေးနဲ့ ကျွန်တော် လက်ထပ်ထားပါရစေ။ ပြီးတော့ ကျောင်းဆက်တက်ပေ့ါ။ ကျွန်တော်တော့ ခင်လေးကို စိတ်မချနိုင်တော့ဘူး။ ချက်ချင်းလက်ထပ်ဖို့ စီစဉ်ပေးပါ အန်တီ၊ ဘာညာနဲ့ ချွဲတယ်ထင်ပါရဲ့ကွာ"

သူက ပြောရင်းနှင့် ခံတွင်းချဉ်လာဟန်တူသည်။ ခေါင်းရင်းစားပွဲပေါ်မှ ဆေးပေ့ါလိပ် အသစ်တစ်လိပ်ကိုကောက်၍ ထိပ်ဦးကို သွားဖြင့်ကိုက်ဖြတ်သည်။ ထို့နောက် ခေါင်းမှ မှုတ်လိုက်ပြီး အစီခံကို လက်သည်းဖြင့်ဖြစ်သည်။ ပြီးမှ စားပွဲစွန်းတွင် တစ်ချက်၊ နှစ်ချက် ဆောင့်ရင်း–

"ခင်လေး ပြန်လာတော့ ဒီကိစ္စ အိမ်မှာ အကြီးအကျယ် ပြဿနာတက်တော့တာပဲ"

သူ့ဆေးလိပ်ကို သူမီးညှိသည်။ ကျွန်တော် မရိုးမရွ ဖြစ်လာ၏။

"ခင်လေး အိမ်ပေါ်ရောက်ရောက်ချင်း အဘွားကြီးက ခင်လေးကိုခေါ်ပြီး အဲဒီကိစ္စမေးတယ်တဲ့ကွာ။ ဒီတော့ ခင်လေးက မထူးတော့ဘူးဆိုပြီး ပွင့်ပွင့်လင်းလင်းပြောတယ်ပေ့ါ။ သူသိပ်ချစ်တဲ့ ချစ်သူပါပေ့ါ။ နှစ်ယောက်တည်း သွားလာတယ်ဆိုတာလည်း တစ်ယောက်နဲ့ တစ်ယောက် စည်းနဲ့ကမ်းနဲ့ နေကြတာပေ့ါ။ မိဘဂုဏ်သိက္ခာ၊ ကိုယ့်ဂုဏ်သိက္ခာ ထိခိုက်မယ့်အထိ ဘယ်တော့မှ မလုပ်ဘူးဆိုပြီးတော့ပေ့ါကွာ။ ဒါကို သက်သက်မဲ့ ကိုကိုလတ်က ဘာမဆိုင်ညာမဆိုင် ဝင်ပြောတာဆိုပြီး လုပ်တာပေ့ါ"

အခုထိ ပြဿနာသစ်ဆိုသော ကိစ္စနှင့်ပတ်သက်၍ တစ်စွန်းတစ်စမျှ မသိရသေးသဖြင့် ကျွန်တော် နေမရထိုင်မရ ဖြစ်လာသည်။ သို့သော် သူ့အရှိန်ကို မပြတ်စေလို၍ ဘာမှဝင်မပြော။ သူဆက်ပြောသည်။

"ဒီတော့ အဘိုးကြီးနဲ့ အဘွားကြီး ဝုန်းဒိုင်းကြဲတာပေ့ါ။ ပြီးတော့ အဘွားကြီးက အေး ... ဒါဖြင့်လည်း ပြီးတာပဲ။ ဒါပေမဲ့ သမီးသိထားဖို့က သမီးမှာ လက်ထပ်ရမယ့်သူရှိပြီးသားဆိုတာ မမေ့နဲ့။ ဒီကောင်လေးနဲ့ ကိစ္စကို သမီးချက်ချင်းဖြတ်ရမယ်လို့ ပြောတယ်"

ရင်ထဲတွင် လှုပ်ခနဲဖြစ်သွား၏။ နောက်ဆုံးတော့ သည်ဘူတာပဲ ဆိုက်ရမှာပဲဟု အားလျော့စွာ တွေးမိသည်။

"ခင်လေးက ပျာပျာသလဲထပြီး သမီး ကိုကိုလတ်နဲ့တော့ လက်မထပ်ချင်ဘူးမေမေ။ သမီး သူ့ကို အစ်ကိုလိုပဲ ခင်တယ်လို့လည်းပြောရော အဘိုးကြီးနဲ့ အဘွားကြီး ရေရေလည်လည် ဒေါကန်သွားတယ်"

ပေါ်ဦး မျက်နှာတွင် မခံချင်သည့် အမူအရာများ သိသိသာသာပေါ်နေသည်။

"အဘိုးကြီးရော အဘွားကြီးကပါ ဝိုင်းပြီး မလိုချင်ဘူး၊ ဘာမှ စကားထပ်မရှည်နဲ့။ ဒီမတ်လ ကျောင်းပိတ်တာနဲ့ လက်ထပ်ပေးတော့မယ်။ ကျောင်းပိတ်တဲ့အထိလည်း ကျောင်းမတက်နဲ့တော့ ဆိုပြီး လက်ထပ်ပေးမယ့်အစီအစဉ်တွေ အားချင်းဆွဲတော့တာပဲတဲ့"

ကျွန်တော့်စိတ်ထဲ ပူလောင်ခံပြင်းနေသည်။ သည်နေရာတွင်ငြိမ်မနေနိုင်တော့သဖြင့်–

"ဘယ်လို ပေါ်ဦး၊ ဒါဖြင့် ကိုကိုလတ်နဲ့ ခင်လေး လက်ထပ်တော့မှာပေ့ါ"

